# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မမေ့မလျော့ခြင်း**

မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သောသူတို့သည် သေသည် မမည်ကုန်။ မေ့လျော့သော သူတို့သည် သေသည်မည်ကုန်၏။

အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၁)


၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၁)၊ အမှတ်(၀၃၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊
ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်
၁၃၈၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်
(၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်)

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက် ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးထားသည့် ကိစ္စရပ်များမပါ) အား ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

## ဝိဇ္ဇာ၊ သိပ္ပံ အထူးပြုဘာသာရပ်များဖြင့် ကျောင်းအပ်နှံရန်ကျန်ရှိသည့် အဝေးသင် ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်မှတ်ပုံတင်ရန် ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်အသီးသီး၏ အဝေးသင်ဌာနခွဲများတွင် ဝိဇ္ဇာ၊ သိပ္ပံ အထူးပြုဘာသာရပ်များဖြင့် ၂၀၂၀ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံရန်ကျန်ရှိသည့် အဝေးသင် ကျောင်းသား၊ ကျောင်းသူများသည် အောက်ပါအတိုင်း ကျောင်းအပ်မှတ်ပုံတင်ရန် ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| ပညာသင်နှစ် | - | ၂၀၂၀ ပညာသင်နှစ် |
| မှတ်ပုံတင်လက်ခံမည့်နေ့ရက် | - | (၁-၁၁-၂၀၂၁) ရက်နေ့မှ (၉-၁၁-၂၀၂၁) ရက်နေ့အထိ (စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ အပါအဝင်) |
| သင်တန်းနှစ်များ | - | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်နှင့် ပဉ္စမနှစ် |
| အဝေးသင်ဌာနခွဲများ | - | မြစ်ကြီးနားတက္ကသိုလ်၊ ဗန်းမော်တက္ကသိုလ်၊ မိုးညှင်းတက္ကသိုလ်၊ လွိုင်ကော်တက္ကသိုလ်၊ ဘားအံတက္ကသိုလ်၊ ပခုက္ကူတက္ကသိုလ်၊ ဟားခါးတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ ကလေးတက္ကသိုလ်၊ ရွှေဘိုတက္ကသိုလ်၊ စစ်ကိုင်းတက္ကသိုလ်၊ ထားဝယ်တက္ကသိုလ်၊ မြိတ်တက္ကသိုလ်၊ တောင်ငူတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ပဲခူးတက္ကသိုလ်၊ မကွေးတက္ကသိုလ်၊ ရေနံချောင်းတက္ကသိုလ်၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ မိတ္ထီလာတက္ကသိုလ်၊ ကျောက်ဆည်တက္ကသိုလ်၊ မြင်းခြံတက္ကသိုလ်၊ မန္တလာတက္ကသိုလ်၊ မော်လမြိုင်တက္ကသိုလ်၊ စစ်တွေတက္ကသိုလ်၊ တောင်ကုတ်တက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ တောင်ကြီးတက္ကသိုလ်၊ ပင်လုံတက္ကသိုလ်၊ လားရှိုးတက္ကသိုလ်၊ ကျိုင်းတုံတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ်၊ မအူပင်တက္ကသိုလ် |

အဆင့်မြင့်ပညာဦးစီးဌာန၊ နေပြည်တော်

## ဟိုပန်၌ ကျောင်းများပြန်လည်ဖွင့်လှစ်ရန် သန့်ရှင်းရေးဆောင်ရွက်ပြီး ဆေးဖျန်း

ဟိုပန် အောက်တိုဘာ ၃၀

နိုဝင်ဘာ ၁ ရက်နေ့တွင် အခြေခံပညာ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းသူ ကျောင်းသားများ ရောဂါဘယ ကင်းဝေးစေရန်နှင့် စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရန်ရည်ရွယ်၍ အောက်တိုဘာ ၃၀ ရက် နံနက် ၈ နာရီမှစ၍ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊

*စာမျက်နှာ ၅ ကော်လံ ၁ ✪*



### ယနေ့ ဖတ်စရာ


**အော်ဂဲနစ်မြေသြဇာနှင့် အော်ဂဲနစ်ပိုးသတ်ဆေး**
ဆောင်းပါး | စာ - ၁၀

**ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း**
**အပ္ပမာဒေါ်စမ္မေသု**
ဆောင်းပါး | စာ - ၂၀

**ဖောင်းပြင်မြို့နယ်၌ လူနာမရှိတော့သဖြင့် ကိုဗစ်-၁၉ စင်တာနှစ်ခုကို ပိတ်သိမ်း**
ပြည်တွင်းသတင်း | စာ - ၂၄

# အကွက်ချ စီမံထားသည့် ဇာတ်လမ်းများ

NUG ၊ CRPH ၊ PDF စသည့် အကြမ်းဖက်အဖွဲ့အစည်းများ ပေါ်ပေါက်လာပြီးသည့်နောက်တွင် မြို့ပြများတွင် နေထိုင်ကြသည့် ပြည်သူလူထုကိုပါ တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်၍ တစ်မျိုး ခြိမ်းခြောက်နေကြသည်ကို တွေ့ရသည်။ အကြမ်းဖက်ခေါင်းဆောင်တို့က ဖေ့စ်ဘုတ်လူမှုကွန်ရက်မှတစ်ဆင့် မြို့ပြတိုက်ပွဲ၊ မြို့ပေါ်တိုက်ပွဲ၊ မြို့သိမ်းတိုက်ပွဲ စသည်ဖြင့် တွင်တွင်အော်နေကြကာ မြို့နေလူထုအတွင်း ကပ်ရပ်ခိုအောင်းနေကြသည့် အကြမ်းဖက်အုပ်စုတို့က လစ်လျှင်လစ်သလို လူသတ်၊ မိုင်းခွဲလုပ်ရပ်များကို လုပ်ကိုင်ရင်း ခြိမ်းခြောက်နေကြခြင်းဖြစ်သည်။

အကြမ်းဖက်အုပ်စုများမှာ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှု မရရှိစေရေး၊ တရားဥပဒေမစိုးမိုးနိုင်ရေးတို့အတွက် အဖျက်အမှောင့်လုပ်ရပ်အမျိုးမျိုးတို့ကို ပြုလုပ်လျက်ရှိရာ အေးချမ်းသာယာစွာနေလိုသော၊ တရားဥပဒေစိုးမိုးမှုကို လိုလားသော ပြည်သူတို့၏ အလိုဆန္ဒနှင့် ဆန့်ကျင်လျက်ရှိသည်။ တောမီးလောင်လျှင် တောကြောင်လက်ခမောင်းခတ်ဆိုသော ဆိုရိုးစကားအတိုင်းပင် ပြည်သူလူထုအတွင်း ပူပင်သောကမီးတောက်လောင်ကာ စိုးရိမ်ထိတ်လန့်ခြင်းများ ပတ်ချာဝိုင်းနေမှသာ ၎င်းတို့ ရှင်သန်ရပ်တည်နိုင်မည်ဖြစ်သည့်အလျောက် မြို့များ၊ ရွာများကို အမှီပြုကာ တိုက်ခိုက်မှုများ ပြုလုပ်ကြခြင်းမှာ တစ်နည်းအားဖြင့် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များကို ဓားစာခံပြုလုပ်ခြင်းပင်ဖြစ်သည်။

အကြမ်းဖက်အုပ်စုများ၏ အကြံအစည်မှာ တပ်မတော်ကို ရင်ဆိုင်တိုက်ခိုက်ရန်မဟုတ်ဘဲ ပြည်သူလူထု မြို့ရွာများမှ ထွက်ပြေးကာ စစ်ဘေးဒုက္ခသည်များ ဖြစ်ပေါ်လာရေး၊ စစ်ဘေးရှောင်စခန်းများ ဖြစ်ပေါ်လာရေး၊ မြို့ရွာများ မီးလောင်ပျက်စီးပြာကျသည့် ရုပ်ပုံများ ပြည်ပမီဒီယာများနှင့် ပြည်ပအဖွဲ့အစည်းများထံ ရောက်ရှိရေး၊ သတင်းတုသတင်းယောင်များ၊ နှုတ်ပြောဇာတ်လမ်းများနှင့် အချက်အလက်များ ဖြစ်ပေါ်လာစေရေးတို့အတွက် ကြိုတင်အကွက်ချ စီမံပြုလုပ်ခြင်းပင်ဖြစ်သည်။ နိုင်ငံတကာအဖွဲ့အစည်းများထံမှ အကူအညီ၊ အထောက်အပံ့များ တောင်းခံနိုင်ရန်၊ နိုင်ငံတကာတွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ပုံရိပ်ဆိုးများကိုသာ မြင်စေရန်၊ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာက ဖိအားပေးရန် အပါအဝင် ၎င်းတို့၏ ရည်မှန်းချက်များအတွက် ပြည်သူကို ဓားစာခံလုပ်သည့် ဇာတ်ညွှန်းနှင့် ဇာတ်ကွက်တို့ကို ပြည်တွင်းပြည်ပ အတိုင်အဖောက်ညီညီ ကပြကြခြင်းဟုလည်း ဆိုနိုင်သည်။ ပြည်သူလူထုအနေဖြင့် မိမိတို့နေထိုင်ရာ မြို့ပြကျေးလက်ဒေသများ စစ်တလင်းဘဝ ကျရောက်မသွားစေရန်အတွက် အကြမ်းဖက်သမားများနှင့် ၎င်းတို့၏ အကြမ်းဖက်အဖျက်လုပ်ရပ်များကို ဝိုင်းဝန်းဆန့်ကျင်သွားကြဖို့ လိုသည်။

လူမှုကွန်ရက်များပေါ်မှ အချက်အလက်များ၊ ရုပ်ပုံများ၊ သတင်းတု သတင်းမှားများ စသည်တို့ကို ကိုယ်ပိုင်အသိဉာဏ်ဖြင့် အမှားအမှန် ခွဲခြမ်းစိတ်ဖြာနိုင်စွမ်းရှိရန် လိုသည်။ ဖေ့စ်ဘုတ်စာမျက်နှာများပေါ်မှ အကြမ်းဖက်လော်ဘီများ၊ နိုင်ငံရေးအစွန်းရောက်များ၊ အမုန်းတရား ဖြန့်ချိနေသူများ၏ ရေးသားဖြန့်ချိမှုများက နိုင်ငံအတွက်၊ မိမိတို့ လူ့အဖွဲ့အစည်းအတွက် မည်သို့အကျိုးသက်ရောက်မှု ဖြစ်ပေါ်နိုင်သည်ကိုလည်း သိမြင်နိုင်စွမ်းရှိရန်လိုသည်။ ယခုအခါ တော်လှန်ရေးအမည်ခံကာ တောတွင်းသို့ ဝင်ရောက်သွားကြသူများ၊ ပြည်ပနိုင်ငံများသို့ ထွက်ပြေးသွားကြသူများထံမှ ထွက်ပေါ်လာသည့် အက်ကွဲသံများ၊ အရှုပ်အထွေးများ၊ အညှီနံ့၊ အပုပ်နံ့များ တစ်စတစ်စ ထွက်ပေါ်လာလျက်ရှိသည်။ တစ်ဖက်တွင်လည်း အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်သမားတို့က ပြည်သူလူထုကို လှည့်ဖြားလိမ်ညာမှုများဖြင့် စည်းရုံး၍တစ်မျိုး၊ ခြိမ်းခြောက်သည့် နည်းလမ်းများဖြင့် တစ်ဖုံ ၎င်းတို့ ရပ်တည်နိုင်ရေး၊ ၎င်းတို့အကာအကွယ်ရရေးအတွက် လုပ်ဆောင်နေမှုများအား သတိပြုကာ မိမိတို့၏ မြို့ရွာများ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပါကြောင်း။ ။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ ဒုတိယနှစ်သင်တန်းများ ပြန်လည်ဖွင့်လှစ်မည်

**နေပြည်တော် အောက်တိုဘာ ၃၀**
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာအထက်တန်းကျောင်း (မြစ်ကြီးနား၊ လွိုင်ကော်၊ ဘားအံ၊ မင်းတပ်၊ တီးတိန်၊ မော်လမြိုင်၊ စစ်တွေ၊ တောင်ကြီး၊ ပင်းပက်၊ ရွာမ၊ လက်ခုပ်ကုန်း၊ ကျောက်ဆည်၊ မြင်းခြံ၊ မန္တလေး၊ နေပြည်တော်၊ ခန္တီး၊ ကလေး၊ မုံရွာ၊ ချောင်းဦး၊ ပခုက္ကူ၊ မကွေး၊ ပြည်၊ တောင်ငူ၊ ပုသိမ်၊ ဟသ်ာတ၊ မအူပင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်း) တို့တွင် ဒုတိယနှစ်သင်တန်းများအား နိုဝင်ဘာ ၁ ရက်နေ့တွင် ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေ ကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂ ၊ ၀၁-၅၄၄၅၈၃ ၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**
အကောက်ခွန်ဦးစီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာတွင် အောက်တိုဘာ ၃၀ ရက်၌ ရန်ကုန်ဆိပ်ကမ်းများမှ Oxygen Generator နှစ်ခု၊ Cylinder ၁၉၂၀၊ ဆေးဝါးမျိုးစုံ ၂၃ မျိုး ၃၇၅၁၆၃ ဒသမ ၈၂ Kg၊ နယ်စပ် (ချင်းရွှေဟော်)တွင် ကုမ္ပဏီနှစ်ခုမှ Mask ၇၁၃၃ Kg ၊ Syringe ၉၆၉၆ခု၊ Medical Adhesive Tape ၆၈၀၀၊ Glucose Injection ၂၀၀၄၀၀ Kg ၊ Sodium Chloride Injection ၁၆၃၈၆၀ Kg ၊ Isolation Gown ၁၄၃၀ Kg၊ Surgical Gown ၃၅၀၀၀၊ Disposable Cap ၇၂၉၀ Kg ၊ Ceitrizine Tablet ၁၇၁၂၀ Kg တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## ကိုဗစ်-၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၃၀-၁၀-၂၀၂၁) ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Antibiotics | | | | |
| 1 | Injection – Ceftriazone 1G | 1's | 700 | KCL |
| 2 | Injection – Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 3 | Injection – Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 4 | Injection – Meropenam | 1g/Vial | 10000 | AA Medical |
| Anti-inflammatory | | | | |
| 5 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 6 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 7 | Injection-Dexamethasone | Vial | 160 | Aorta |
| Antiviral | | | | |
| 8 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 9 | Injection – Remdesivir | Vial | 70000 | GHI |
| Anti thrombosis | | | | |
| 10 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## နိုင်ငံရေးရင့်ကျက်မှု

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုစနစ်ကို တည်ဆောက်ကြရာတွင် သက်ဆိုင်သူအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးညီညွတ်မှုက အခြေခံအကျဆုံးဖြစ်ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံရေး ရင့်ကျက်ရန် လိုအပ်မှုများကြောင့် အမိမြန်မာနိုင်ငံတော်ကြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို သင်ခန်းစာယူရပါမည်။ မိမိတို့လက်ထက်၌ ၎င်းကိစ္စကို ကျော်လွှားနိုင်အောင် ကြိုးစားကြရပါမည်။ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် "ပညာပြည့်ဝ၊ နှလုံးလှသော" နိုင်ငံရေး ရင့်ကျက်မှုနှင့် စည်းလုံးမှုကို တည်ဆောက်ကြရပါမည်။

**(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

# လုပ်ငန်းများဆောင်ရွက်ရာတွင် ယခင်လုပ်နည်းလုပ်ဟန်ဟောင်းများဖြင့် ခေါက်ရိုးကျိုးဆောင်ရွက်နေ၍မရဘဲ ခေတ်ကာလအခြေအနေနှင့် ကိုက်ညီသည့် လုပ်နည်းလုပ်ဟန်အသစ်များကို ပြောင်းလဲဆောင်ရွက်ပေးရမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတို့သည် ယမန်နေ့ ညပိုင်းက ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပြုလုပ်သည့် အနုပညာရှင်များ တေးဂီတဖျော်ဖြေမှု ရိုက်ကူးထုတ်လွှင့်ခြင်းကို ကြည့်ရှုအားပေးပြီး အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်သည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးများသည် "မြူးကြွလှပ-ရောင်စုံည" ဖျော်ဖြေရေးအစီအစဉ်တွင် ပါဝင်သီဆိုကြမည့် ရုပ်ရှင်သရုပ်ဆောင်များနှင့် အဆိုတော်များ၊ တက်ရောက်အားပေး ကြည့်ရှုကြမည့် လူရွှင်တော်အသင်းနှင့် ကိုလူချော အဖွဲ့၊ လူငယ်မျိုးဆက်သစ်အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စကားပြောကြားပြီး အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

### ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများသည် မြန်မာ့အသံတေးဂီတနှင့်အတူ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုနှင့် တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်မှုကို ကြည့်ရှုအားပေးပြီး ဖျော်ဖြေပွဲအပြီးတွင် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုနှုတ်ဆက်သည်။

ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ သုံးထပ်အဆောက်အအုံကို လည်းကောင်း၊ သိမ်ဖြူလမ်းရှိ ဗဟိုပုံနှိပ်စက်ရုံအဆောက်အအုံကိုလည်းကောင်း သွားရောက်၍ စာပေဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် စာဆိုဗိမာန်ဖွင့်လှစ်ဆောင်ရွက်နိုင်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။




ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတို့ ရန်ကုန်မြို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုနှင့် တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်မှုကို ကြည့်ရှုအားပေးကြစဉ်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စာဆိုဗိမာန် ဖွင့်လှစ်ဆောင်ရွက်ရန် လျာထားသည့် ဗိုလ်အောင်ကျော်လမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ သုံးထပ်အဆောက်အအုံသို့ သွားရောက်၍ ရုံးခန်းများဖွဲ့စည်းတည်ရှိမှု၊ အဆောက်အအုံကြံ့ခိုင်မှုနှင့် ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်နေမှုအခြေအနေများကိုလည်းကောင်း၊ စာဆိုဗိမာန်ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက် ပေးရမည့်အခြေအနေများကို လည်းကောင်း၊ သိမ်ဖြူလမ်းရှိ ဗဟိုပုံနှိပ်စက်ရုံ အဆောက်အအုံအတွင်းရှိ ရုံးခန်းများ ဖွဲ့စည်းတည်ရှိမှုနှင့် အနာဂတ်လုပ်ငန်း ဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### ဆွေးနွေးမှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြန်မာရေးရာသုတေသနအဖွဲ့နှင့် တွေ့ဆုံ၍ သုတေသနလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးနှင့် မြန်မာရေးရာ၊ ကမ္ဘာ့ရေးရာ၊ တိုင်းရင်းသားရေးရာစာအုပ်များ စီစဉ်ထုတ်ဝေရေးကိစ္စများကို ဆွေးနွေးမှာကြားသည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာနသည် သတင်းမီဒီယာလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသည့်အတွက် လွန်စွာအရေးကြီးသည်ဟု ခံယူထားပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ပြည်တွင်း/ပြည်ပတွင် ဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နည်းပညာဆိုင်ရာကဏ္ဍများ တိုးတက်ပြောင်းလဲဖြစ်ပေါ်နေမှုများကို မျက်ခြည်မပြတ်သိရှိထားရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်း/ပြည်ပတွင် ဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေများကို လေ့လာစောင့်ကြည့်ရမှာဖြစ်သကဲ့သို့ ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကိုလည်း ဆွေးနွေးသုံးသပ် အကြံပြုပေးကြစေလိုပါကြောင်း။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် Research and Development လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က လမ်းညွှန်ထားပါကြောင်း၊ ထို့ကြောင့် သုတေသနလုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ယခင် လုပ်နည်းလုပ်ဟန်ဟောင်းများဖြင့် ခေါက်ရိုးကျိုးဆောင်ရွက်နေ၍ မရဘဲ ခေတ်ကာလအခြေအနေနှင့် ကိုက်ညီသည့် လုပ်နည်းလုပ်ဟန်အသစ်များကို ပြောင်းလဲဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ သုတေသနလုပ်ငန်းများ လုပ်ဆောင်ရာတွင် သမိုင်းကြောင်းဇာစ်မြစ်များကို ရှာဖွေဖော်ထုတ်ရမှာဖြစ်သကဲ့သို့ လက်ရှိဖြစ်ပေါ်နေသည့် ပကတိအခြေအနေများနှင့်လည်း ချိန်ထိုးလေ့လာသုံးသပ်ကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုကြားကောင်းမွန်သည့် သဘောထားအမြင်များ ဖြစ်ပေါ်လာအောင် ဆောင်ရွက်ပေးကြရမည်ဖြစ်၍ ပြည်သူ့သဘောထားအမြင်များကိုလည်း အမြဲမပြတ်လေ့လာသုံးသပ်၍ တင်ပြပေးစေလိုပါကြောင်း။

ထိုသို့တင်ပြရာတွင် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးစီးပွားဖြစ်ထွန်းမည့် ကိစ္စများကို ပွင့်ပွင့်လင်းလင်း မှန်မှန်ကန်ကန် တင်ပြပေးကြစေလိုကြောင်း၊ ပြည်သူများ အသိအမြင်မှန်ကန်ရေးအတွက် မှန်ကန်သည့်သတင်းအချက်အလက်များရရှိရေးသည် လွန်စွာအရေးကြီးပါကြောင်း၊ ထို့ကြောင့် ပြည်သူများ သတင်းမှန်ရရှိရေးနှင့် သတင်းတု၊ သတင်းမှားများ တိုက်ဖျက်ဖယ်ရှားရေးကို ဦးစားပေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန လုပ်ငန်းများကို ယခုထက် ပိုမိုအောင်မြင်စေရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို အကြံပြုဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာရေးရာသုတေသနအဖွဲ့ဝင်များက ရှေ့ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# စနစ်ဟောင်း ငါးမွေးမြူခြင်းမှ ခေတ်မီစနစ်ဖြင့် တစ်နေရာတည်း၌ ငါးနှင့်ပတ်သက်သော စားသောက်ကုန်များထုတ်လုပ်ပြီး ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်

နေပြည်တော် အောက်တိုဘာ ၃၀

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ဘုရားကျောင်းကျေးရွာတွင် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့် ငါးမွေးမြူခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း၊ အေးခဲခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ လုပ်ကိုင်လျက်ရှိသည့် Global Earth Agro & Aqua Industry Public Company Limited (GEAA) ၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။** (ယာပုံ)



ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များကို ကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က လုပ်ငန်းလည်ပတ်နေမှု၊ ငါးသားပေါက်ထုတ်လုပ်မှု၊ Modern Steel Tank နှင့် Eco and Smart Growout နည်းပညာသစ်အသုံးပြု၍ ငါးမွေးမြူထုတ်လုပ်မှု၊ ငါးအစာ၊ ငါးပေါင်းမှုန့်၊ ငါးဆီထုတ်လုပ်နိုင်မှု၊ ငါးအစာတောင့်နှင့် အအေးခန်းစက်ရုံဆောင်ရွက်နေမှု၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်မည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ဆွေးနွေး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာများ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်နိုင်ရေး၊ သွင်းကုန်အစားထိုး ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ပြည်ပဈေးကွက်ချဲ့ထွင်နိုင်ရေး၊ နည်းပညာမြှင့်တင်နိုင်ရေးနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေး၊ လုပ်ငန်းတိုးချဲ့နိုင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်နိုင်ရေးနှင့် နည်းပညာသစ်များ ဖြန့်ဝေမြှင့်တင်ရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူနေမှုစနစ်တိုးတက်လာစေရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြန်လည်အကြံပြုဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုမ္ပဏီ၏ ငါးသားဖောက်စခန်း (Hatchery) များ၊ Aqua Feed Factory အစာတောင့်စက်ရုံ၊ Modern Steel Tank ငါးမွေးကန်များ၊ Eco & Smart Growout ငါးမွေးကန်များ၊ ငါးအခြေခံ စားသောက်ကုန်ထုတ်စက်ရုံ၊ အအေးခန်းစက်ရုံများ၊ Fish Powder Factory (ငါးဟင်းခတ်မှုန့်)စက်ရုံများ၊ ငါးဖမ်းဆီး ထုတ်လုပ်နေမှုများနှင့် ဝန်ထမ်းအိမ်ရာများအား လှည့်လည် ကြည့်ရှုသည်။

အဆိုပါလုပ်ငန်းသည် စနစ်ဟောင်းငါးမွေးမြူခြင်းမှ ခေတ်မီစနစ်ဖြင့် တစ်နေရာတည်း၌ ခေတ်မီ ငါးသားပေါက်ထုတ်လုပ်ခြင်း၊ ခေတ်မီစနစ်ဖြင့် ငါးမွေးမြူခြင်း၊ အသားတိုးမွေးမြူခြင်းနှင့် အစာထုတ်လုပ်ခြင်း၊ ငါးပြုပြင်ထုတ်လုပ်မှု၊ အခဲခံမှု၊ ငါးကုန်ချောထုတ်လုပ်မှု၊ အအေးခန်းသိုလှောင်မှု နည်းစနစ်များပါဝင်၍ ငါးနှင့်ပတ်သက်သော စားသောက်ကုန်များထုတ်လုပ်ပြီး မြန်မာ့ရေထွက်ပစ္စည်းများကို ကမ္ဘာ့ဈေးကွက်သို့ တင်ပို့နိုင်မည့် လုပ်ငန်းတစ်ခု ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ကျိုင်းတုံမြို့နှင့် မုဒုံမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များအား ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃၀**

စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များအတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက ကျိုင်းတုံမြို့ရှိ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူးရုံး၌ လည်းကောင်း(**အပေါ်ပုံ**)၊ မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက မုဒုံမြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ လည်းကောင်း အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေးမှာကြား

**နေပြည်တော် အောက်တိုဘာ ၃၀**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးသည် နေပြည်တော်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်လွင်ဦး၊ နေပြည်တော် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းထွန်းအောင်နှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် အဖွဲ့သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တပ်ကုန်းမြို့နယ် (က) အဆင့် အားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်းနှင့် တပ်ကုန်းမြို့နယ် သာသနာရေးဦးစီးဌာနမှူးရုံး တည်ဆောက်ခြင်းလုပ်ငန်းများ၊ ဇေယျာသီရိမြို့နယ် သာသနာရေးဦးစီးဌာနမှူးရုံး ဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ပျဉ်းမနားမြို့နယ် ဘောဂဝတီဘောလုံးကွင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီအဖွဲ့ဝင်က သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အမြန်ဆုံးပြီးစီးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း (မြန်/ဆက်)**



## မှတ်သားဖွယ်ရာ မိုးရေချိန်

**နေပြည်တော် အောက်တိုဘာ ၃၀**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရန်ကုန်(မြို့လယ်)တွင် ၂ ဒသမ ၅၆ လက်မ၊ ညောင်တုန်းမြို့တွင် ၂ ဒသမ ၄၀ လက်မ၊ ကြို့ပင်ကောက်မြို့တွင် ၂ ဒသမ ၂၅ လက်မ၊ ခရမ်းမြို့တွင် ၁ ဒသမ ၉၃ လက်မ၊ ဇလွန်မြို့တွင် ၁ ဒသမ ၈၁ လက်မ၊ သာယာဝတီမြို့တွင် ၁ ဒသမ ၅၈ လက်မ၊ မအူပင်မြို့တွင် ၁ ဒသမ ၃၄ လက်မနှင့် နေပြည်တော်(ဒက္ခိဏသီရိမြို့နယ်)တွင် ၁ ဒသမ ၂၂ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# မြန်မာ-ထိုင်း သေမင်းတမန်မီးရထားလမ်းပြတိုက်  ယာယီပိတ်ထားရာမှ ပြည်သူများ လာရောက်လေ့လာလည်ပတ်နိုင်ရန် ပြန်လည်ဖွင့်လှစ်

နေပြည်တော် အောက်တိုဘာ ၃၀

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ်အတွင်း ခရီးသွားဧည့်သည်များ စိတ်ဝင်တစား လာရောက်လည်ပတ်လေ့ရှိသည့် သံဖြူဇရပ်မြို့နယ်ရှိ မြန်မာ-ထိုင်း သေမင်းတမန်မီးရထားလမ်းပြတိုက်အား သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများမှ ပြတိုက်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပြတိုက်အတွင်း ခင်းကျင်းပြသထားရှိမှုကို လိုက်လံရှင်းလင်းပြသသည်။**



အဆိုပါပြတိုက်ကို နိုင်ငံခြားသား ခရီးသွားဧည့်သည်များနှင့် ဒေသတွင်း ဖွံ့ဖြိုးရေးအတွက် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး ပြတိုက်တွင် သမိုင်းဝင်ပန်းချီကားများ၊ ရေနွေးငွေ့ရထားစက်ခေါင်း၊ ချွေးတပ်သားများ လမ်းဖောက်လုပ်သည့် ဓာတ်ပုံမှတ်တမ်းများနှင့် ရုပ်ရှင်ဗီဒီယိုကို ပြသထားရှိပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ပြတိုက်ကို ယာယီပိတ်ထားရာမှ ပြည်သူလူထုများ လာရောက်လေ့လာလည်ပတ်နိုင်ရန် ယနေ့မှစ၍ ပြန်လည်ဖွင့်လှစ်ပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သံဖြူဇရပ်မြို့ရှိ ခနသဟာယစစ်သင်္ချိုင်းသို့ သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက စစ်သင်္ချိုင်းအား ထိန်းသိမ်း စောင့်ရှောက်နေမှုကို ရှင်းလင်းတင်ပြသည်။ အဆိုပါခနသဟာယစစ်သင်္ချိုင်းကို ၁၉၄၆ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဆုံး ဖွင့်လှစ်သည့် စစ်သင်္ချိုင်းဖြစ်ကာ ၁၉၄၂ မှ ၁၉၄၅ ခုနှစ်အတွင်း ဂျပန်စစ်သုံ့ပန်းများအဖြစ် မြန်မာ-ယိုးဒယား နယ်စပ်မီးရထားလမ်း ဖောက်လုပ်စဉ် သေဆုံးခဲ့ကြသည့် ဗြိတိသျှ၊ ဩစတြေးလျ၊ နယ်သာလန် စစ်မှုထမ်းများနှင့် အာရှချွေးတပ်သားများ မြှုပ်နှံထားရှိသည့် စစ်သင်္ချိုင်းဖြစ်ပြီး ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့ရှိသော နေရာတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုက္ခမိမြို့ရှိ ဆုတောင်းပြည့်ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကာ ဘုရားကြီးအား ပန်း၊ ရေချမ်းနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ပြီး ဘက်စုံအလှူငွေ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌက လက်ခံရယူသည်။ အဆိုပါဘုရားသို့ ရုံးပိတ်ရက် ကာလဖြစ်သည့်အားလျော်စွာ ပြည်တွင်းဘုရားဖူးဧည့်သည်များ လာရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားဖူးများနှင့် စည်ကားလျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်စဲကမ်းခြေရှိ 21 Paradise Hotel သို့ရောက်ရှိပြီး ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ စက်စဲကမ်းခြေသို့ လာရောက်လည်ပတ်သော ခရီးသွားဧည့်သည်များ တည်းခိုနိုင်ရေး ကြိုတင်ပြင်ဆင်ထားမှုအခြေအနေနှင့် ကမ်းခြေသန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တွေ့ဆုံဆွေးနွေးပြီး ဟိုတယ်နှင့်ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနနှင့်အတူ ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးလျက်ရှိသဖြင့် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်မြို့ အောက်လမ်းမကြီးရှိ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ရာတွင် ခရီးစဉ်ဒေသဆိုင်ရာအချက်အလက်များ သိရှိလိုမှုကို မေးမြန်းစုံစမ်းနိုင်ရန်အတွက် Information Counter ဖွင့်လှစ်မည့် အဆောက်အဦနေရာကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့၌ ပထမဦးဆုံးစာကြည့်တိုက် ဖွင့်ပွဲကျင်းပ

**ခေါင်လန်ဖူး အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့၌ ပထမဦးဆုံးဖြစ်သော အကြီးကိုကို စာကြည့်တိုက် (၆) ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက်ပိုင်းက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်ဖွင့်လှစ်ပေးသည်။



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယခုစာကြည့်တိုက်ဖွင့်ပွဲသည် ခေါင်လန်ဖူးမြို့အတွက် ပထမဦးဆုံးစာကြည့်တိုက်အဖြစ် သမိုင်းမှတ်တမ်းဝင်သွားပြီဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းလူငယ်များအနေဖြင့် အသိပညာဗဟုသုတများ တိုးတက်လာစေရန်နှင့် အနာဂတ်တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန် စာများများဖတ်ကြရန်လိုအပ်ကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်နှင့် စာရေးဆရာ အကြီးကိုကို (ကသာ)တို့က စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က စာကြည့်တိုက်အတွက် ရန်ပုံငွေကျပ်ငါးသိန်း ပေးအပ်ခဲ့ပြီး စာရေးဆရာ အကြီးကိုကို (ကသာ)က ၎င်းရေးသားထားသည့် "ပြိုပျက်ခဲ့သော သက္ကရာဇ်များ" (အင်္ဂလိပ်မြန်မာ) စာအုပ်အား အမှတ်တရလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ စာကြည့်တိုက်အတွက် စာရေးဆရာ အကြီးကိုကို (ကသာ)က သုတရသစာအုပ် အသစ် ၅၆၀ ပေးအပ်လှူဒါန်းခဲ့ရာ လီဆူခေါင်းဆောင် ဦးရွှေလေးနှင့် လီဆူရိုးရာအတွင်းရေးမှူး ဦးဖုဆီးယဲ့တို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားသို့ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရဝမ်/ လီဆူတိုင်းရင်းသားခေါင်းဆောင်များ၊ လီဆူရိုးရာစာပေ၊ ယဉ်ကျေးမှုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ စာပေချစ်သူများ တက်ရောက်ခဲ့ကြသည်။ ဒေသခံတိုင်းရင်းသားလူငယ်များ စာပေမှတစ်ဆင့် အသိပညာဗဟုသုတများ တိုးပွားစေလာရန်ရည်ရွယ်၍ ခေါင်လန်ဖူးမြို့နယ်တွင် စာကြည့်တိုက်နှစ်ခု၊ နောင်မွန်းမြို့နယ်တွင် တစ်ခု၊ ပူတာအိုမြို့နယ်တွင် သုံးခု စုစုပေါင်း စာကြည့်တိုက်ခုနစ်ခု ဖွင့်လှစ်ပေးခဲ့ကြောင်း၊ စာအုပ်စာပေ ဖတ်ရှုသူ ပိုမိုများပြားလာပါက စာကြည့်တိုက်များ ဆက်လက်တိုးမြှင့် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ စာကြည့်တိုက်များအတွက် လိုအပ်သည့် ပရိဘောဂများ၊ စာအုပ်စာပေများအပြင် လူငယ်များ ကျန်းမာကြံ့ခိုင်ရေးအတွက် အားကစားပစ္စည်းများကိုလည်း ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း စာရေးဆရာအကြီးကိုကို (ကသာ)က ပြောသည်။

**မောင်မွေး**

### ❂ ရှေ့ဖုံးမှ

ဟိုပန်ခရိုင် ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းထိုက်က အနီးကပ်ကြီးကြပ်၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများ၊ စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များသည် ကျောင်းဝင်းအတွင်းရှိ ချုံနွယ်ပေါင်းမြက်များရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ကျောင်းစာသင်ခန်းများအား ပိုးသတ်ဆေးဖျန်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မိုင်းရယ်၌ ဆေးထိုးနှံခွင့်ရှိသူ ၂၃၅ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**မိုင်းရယ် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စုအလိုက် ဆက်လက်ထိုးနှံပေးလျက်ရှိရာ ယမန်နေ့က နမ့်ရယ်ခန်းမ၌ ပြည်သူ ၂၃၅ ဦးကို ကာကွယ်ဆေး ထိုးနှံပေးနိုင်ခဲ့ကြောင်း သိရသည်။

**ဆက်လက်ထိုးနှံပေးသွားမည်**

အသက်(၁၈)နှစ်အထက် ဒုတိယအသုတ်(ဒုတိယအကြိမ်)ထိုးနှံရမည့် ဦးတည်အုပ်စုအလိုက် ကာကွယ်ဆေးထိုးနှံပေးနိုင်မှုမှာ ၂၀၅ ဦး၊ တတိယအသုတ် (ပထမအကြိမ် ) ထိုးနှံရမည့် ဦးတည်အုပ်စုများအလိုက် ထိုးနှံနိုင်မှုမှာ ၃၀ ဖြစ်ကြောင်းနှင့် ဆေးထိုးနှံရန်ကျန်ရှိသူများကို ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီမှ သိရသည်။

**ပူးပေါင်းဆောင်ရွက်**

အဆိုပါ ကိုဗစ်-၁၉ ကာကွယ်ဆေးများထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးမင်းအောင်နှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုင်းရယ်(ပြန်/ဆက်)**

# ဆရာ ဆရာမများအနေဖြင့် ပညာသင်ကြားပေးရုံသာမက ယဉ်ကျေးလိမ္မာသော ကျောင်းသား ကျောင်းသူများဖြစ်လာစေရန် သင်ကြားပေးစေလို

မကွေး အောက်တိုဘာ ၃၀

**မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့်အတူ မကွေးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာ ဆရာမများအား ယမန်နေ့က မကွေးမြို့ အ.ထ.က (၄)ကျောင်းရှိ ပတ္တမြားခန်းမ၌ တွေ့ဆုံခဲ့သည်။**



တွေ့ဆုံစဉ် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား ကျောင်းသူများ ပညာသင်ယူခွင့် အခွင့်အလမ်းများ မဆုံးရှုံးစေရေးအတွက် နိုဝင်ဘာ ၁ ရက်မှစတင်၍ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ရာ မိမိတို့တိုင်းဒေသကြီး အတွင်းရှိ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရာတွင် ကျောင်းသား ကျောင်းသူများ လုံခြုံဘေးကင်းစွာဖြင့် ပညာသင်ကြားနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်သွားရန် လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံကြရန်နှင့် ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများဖြစ်သည့် နှာခေါင်းစည်းများအား စနစ်တကျ တပ်ဆင်သည့် အလေ့အကျင့်ကောင်းများ ဖြစ်စေရန် တိုက်တွန်း အသိပညာပေးခြင်းများအား ဆောင်ရွက်စေလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် မိမိတို့ကျောင်းသား ကျောင်းသူများ ပညာသင်ကြားပေးရုံသာမက ယဉ်ကျေးလိမ္မာသော ကျောင်းသား ကျောင်းသူများ ဖြစ်လာစေရန် သင်ကြားပြသပေးစေလိုကြောင်း၊ ကျောင်းရှိ ဆရာ ဆရာမ အများစုသည် မြို့ခံများဖြစ်သည့်အတွက် ကျောင်း၏ အောင်မြင်မှုရလဒ်များကို ဆက်လက်ထိန်းသိမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်ဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးတို့က မကွေးမြို့ အ.ထ.က(၄)ကျောင်းရှိ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်ညီညာ(မကွေး)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မောင်တောခရိုင်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများအား ကြည့်ရှုစစ်ဆေး

**မောင်တော အောက်တိုဘာ ၃၀**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါ်နုမြဖိ သည် ရခိုင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မှ ပြည်နယ် ရွေးကောက်ပွဲအရာရှိ ဦးသူရိန်ထွဋ်နှင့်အတူ အောက်တိုဘာ ၂၉ ရက်က မောင်တောခရိုင်အတွင်းရှိ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။



ဝန်ထမ်းများနှင့် တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လက်ရှိဆောင်ရွက်လျက်ရှိသည့် အခြေအနေများအား ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများ ကျွမ်းကျင်အောင် ဆောင်ရွက်ကြရန်နှင့် ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ လေ့လာဖတ်ရှုကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ဘူးသီးတောင်မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအား စစ်ဆေးခြင်းနှင့် မောင်တောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးနှင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ မောင်တောမြို့ ကညင်တန်း (မြို့မ)ရပ်ကွက်ရှိ မောင်တောမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံး ဆောက်လုပ်ပြီးစီးမှုအခြေအနေကို လည်းကောင်း၊ ယာယီမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၂၉ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၉၂ ဦး၊ အမျိုးသမီး ၁၅၅ ဦး စုစုပေါင်း ၃၄၇ ဦး၊ ချင်းရွှေဟော်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၄၈ ဦး၊ အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၇၂ ဦးနှင့် လောက်ကိုင်မြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၁၄၂ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၁၇၁ ဦးတို့ကို လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့သို့ ပြန်လည်ဝင်ရောက်လာသူ အမျိုးသား ၂၈၄ ဦး၊ အမျိုးသမီး ၂၀၉ ဦး စုစုပေါင်း ၄၉၃ ဦးတို့ကိုလည်းကောင်း လက်ခံခဲ့ကြသည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ် – ၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထားစာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင်မော်တော်ယာဉ်များဖြင့် ၎င်းတို့နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မင်းဘူး(စကု)မြို့နယ်အတွင်း၌ ကျောင်းသားများအား ကိုဗစ်ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**မင်းဘူး အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသော အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား Sinovac အမျိုးအစား ကိုဗစ်ကာကွယ်ဆေးများကို ယနေ့နံနက်ပိုင်းက မင်းဘူး အ.ထ.က(၁)နှင့် စကု(အ.ထ.က)ကျောင်းတို့တွင် နှစ်နေရာခွဲ၍ ဆက်လက်ထိုးနှံပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို မြို့နယ်ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဦးအောင်ဇော်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုပြီး မြို့နယ်အတွင်းရှိ စာသင်ကျောင်းများအားလုံး နိုဝင်ဘာ ၁ ရက်မှစတင်ကာ ပြန်လည်ဖွင့်လှစ်မည်ဖြစ်သောကြောင့် ကိုဗစ်-၁၉ ရောဂါ ကင်းစင်စွာ ပညာသင်ကြားနိုင်ရေးအတွက် ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများကို ဆက်လက်ထိုးနှံပေးရခြင်းဖြစ်ကြောင်း သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း၌ အခြေခံပညာကျောင်းပေါင်း ၈၈ ကျောင်း၊ ဘကကျောင်း တစ်ကျောင်း၊ ကိုယ်ပိုင်ကျောင်း သုံးကျောင်း၊ စုစုပေါင်း ၉၂ ကျောင်းမှ အလယ်တန်းနှင့် အထက်တန်းအဆင့် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသားဦးရေစုစုပေါင်း ၆၂၆၃ ဦးကို အောက်တိုဘာ ၁၇ ရက်က ပထမအကြိမ်အဖြစ် ထိုးနှံပေးခဲ့ပြီးနောက် ယခုအခါ မြို့နယ်အတွင်းရှိ ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိသော ကျောင်းသားများအတွက် ကာကွယ်ဆေးခွဲတမ်း ထမ်မံရရှိသော ၅၅ လုံးကို ဆေးတစ်လုံးလျှင် နှစ်ယောက်နှုန်းဖြင့် ကျောင်းသားဦးရေ ၁၁၀ ကို ပထမအကြိမ်အဖြစ် ဆက်လက်ပြီးထိုးနှံပေးခြင်းဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးကော်မတီဥက္ကဋ္ဌ ဦးတင်မြင့်ထံမှ သိရသည်။

**မောင်မောင်(မင်းဘူး)**

# နမ့်ပငချောင်း ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ဟုမ္မလင်းမြို့နှင့် ဒေသခံပြည်သူလူထုအား လျှပ်စစ်မီး ဖြည့်ဆည်းပေးနိုင်မည်

မုံရွာ အောက်တိုဘာ ၃၀

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်၊ တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိုင်းနိုင်နိုင်ကျော်၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၉ ရက် မွန်းလွဲပိုင်းတွင် ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် နားသကျိုက် ကျေးရွာအနီး နမ့်ပငချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။**

ရေးဦးစွာ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးအဖွဲ့ တည်ဆောက်ရေး-၅ မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိုးဝင်းက နမ့်ပငချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က နမ့်ပငချောင်း အသေးစား ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ပြီးစီးပါက ဟုမ္မလင်းမြို့နှင့် ဒေသခံပြည်သူလူထုအား လျှပ်စစ်မီးကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်ပါ၍ သတ်မှတ်ကာလတွင် ပြီးစီးအောင် ဆောင်ရွက်စေလိုပါကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှု မခံရစေရေးအတွက် ကျန်းမာရေးအသိနှင့်သတိရှိရေး၊ လုပ်ငန်းများဆောင်ရွက်မှုအပေါ် စေတနာထား ဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ အသေးစိတ် မှာကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများက နမ့်ပငချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်း ပုံစံငယ်နှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရေထိန်းတမံတည်ဆောက်နေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ နမ့်ပငချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ နားသကျိုက် ကျေးရွာအနီးတွင် တည်ရှိပြီး ရေဆင်းဧရိယာ ၃၉၀ ဒသမ ၇၃ စတုရန်းမိုင်၊ တမံအမျိုးအစား Concrete Gravity Dam ဖြစ်ပြီး တမံအလျား ၄၇၃ ပေ၊ တမံအမြင့် ၁၁၄ ဒသမ ၈ ပေ၊ ရေအားအမြင့် ၈၀ ဒသမ ၃၈ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၁၃၅၂ ဧကေ၊ ရေပိုလွှဲအမျိုးအစား သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အား ၆ မဂ္ဂါဝပ် (၂ x ၃ မဂ္ဂါဝပ်)နှစ်စဉ်ပျမ်းမျှထုတ်နိုင်သည့် ဓာတ်အား ၃၄ ဒသမ ၆၈ ကီလိုဝပ် နာရီသန်းပေါင်း ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စီမံကိန်းအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အပြီးတည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကိုရီးယားသမ္မတနိုင်ငံ၏ သမ္မတဟောင်း H.E. Mr. Roh Tae-Woo ကွယ်လွန်သွားသည့်အတွက် ဝမ်းနည်းကြောင်းလက်မှတ်ရေးထိုး



**ရန်ကုန် အောက်တိုဘာ ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်သည် ကိုရီးယားသမ္မတနိုင်ငံ၏ သမ္မတဟောင်းဖြစ်သူ H.E. Mr. Roh Tae-Woo အောက်တိုဘာ ၂၆ ရက်တွင် ကွယ်လွန်သွားသည့်အတွက် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၉၇) တက္ကသိုလ်ရိပ်သာလမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံး၌ ဖွင့်လှစ်ထားသည့် ဝမ်းနည်းခြင်း အထိမ်းအမှတ်စာအုပ်၌ လက်မှတ်ရေးထိုးသည်။

ကိုရီးယားသမ္မတနိုင်ငံ၏ သမ္မတဟောင်း H.E. Mr. Roh Tae-Woo သည် ၁၉၈၈ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ကိုရီးယားသမ္မတနိုင်ငံ၏ ၁၃ဦးမြောက် သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုကွယ်လွန်ချိန်တွင် အသက် ၈၉ နှစ်ရှိပြီဖြစ်ကြောင်း သိရသည်။ **ဇော်မင်းလတ်(သတင်းစဉ်)**

# ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း ခေတ္တရပ်နားထားရာမှ ပြန်လည်ထုတ်ဝေမည်

**ရန်ကုန် အောက်တိုဘာ ၃၀**

မြန်မာ - တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်းက စီစဉ်ထုတ်ဝေသည့်“ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း” နှင့် သတင်းမီဒီယာများတွေ့ဆုံမိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန် မြို့ သဃ်္ဃန်းကျွန်းမြို့နယ် လေးထောင့်ကန် လမ်းမကြီးရှိ Myanmar Sports Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်း၏ ဗဟိုအလုပ်အမှုဆောင် ဦးအေးမင်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး စာတည်းမှူးချုပ် ဦးရဲနိုင်စိုးက ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း ထုတ်ဝေသည့် ရည်ရွယ်ချက်များနှင့် မူဝါဒသဘောထားများကို ရှင်းလင်းပြောကြားသည်။

ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းကို မြန်မာ-တရုတ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ မြန်မာ-တရုတ် သံတမန် ဆက်ဆံရေး နှစ်(၇၀) ပြည့်သည့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် စတင်ထုတ်ဝေခဲ့သည်။ လစဉ်ထုတ်မဂ္ဂဇင်းဖြစ်ပြီး အရှိန်အဟုန်မပျက် ထုတ်ဝေခဲ့ရာမှ ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် ခေတ္တရပ်နားထားခဲ့သည်။ ယခုအခါ နိုဝင်ဘာလမှစတင်၍ အရှိန်အဟုန်မပျက် ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်းသည် ကလောင်ရှင်များ၏ ချစ်ကြည်ရင်းနှီးမှုနှင့် အထောက်အကူပြု သုတရသစာမူများ၊ သတင်းများကို အစဉ်အမြဲ ကြိုဆိုလျက်ရှိကြောင်း ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်း စာတည်းမှူးချုပ်က ပြောသည်။

ဆွေမျိုးပေါက်ဖော် မဂ္ဂဇင်းသည် မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေး ဗဟိုအသင်း၏ ကြီးကြပ်မှုဖြင့် အသင်း၏ရည်ရွယ်ချက်များဖြစ်သည့် မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အထောက်အပံ့ဖြစ်စေမည့် အကြောင်းအရာများကို စာပေအနုပညာဖြင့် ပုံဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ဆားလင်းကြီးမြို့နယ်တွင် လယ်ယာမြေဧက ၁၀၀၀ ကျော် အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းသုံးလမ်းနှင့် Boxculvert တံတား ၁၁ စင်း တည်ဆောက်သွားမည်

**ဆားလင်းကြီး အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီး အစိုးရခွင့်ပြုရန်ပုံငွေများဖြင့် တရား၊ ဘိုင်သရက်၊ ရွှေချမ်းသာ ကျေးရွာသုံးရွာရှိ လယ်ယာမြေဧက ၁၀၀၀ ကျော်မှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့အချိန်မီ ရောက်ရှိစေရေး ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းသုံးလမ်းနှင့် Boxculvert တံတား ၁၁ စင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

တရားကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းတစ်လမ်း Boxculvert တံတားငါးစင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ဘိုင်သရက်ကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်းတစ်လမ်း၊ Boxculvert တံတားလေးစင်း တည်ဆောက်ခြင်းလုပ်ငန်း၊ ရွှေချမ်းသာကျေးရွာတွင် ကျေးလက်ကုန်ထုတ်လမ်း တစ်လမ်း၊ Boxculvert တံတားနှစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၀၀ ကျော်ဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီများက တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါကျေးရွာသုံးရွာရှိ ကုန်ထုတ်လမ်းသုံးလမ်းနှင့် Boxculvert တံတား ၁၁ စင်း တည်ဆောက်ပြီးစီးသွားပါက လယ်ယာမြေဧက ၁၀၈၀ မှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့အချိန်မီရောက်ရှိတော့မည်ဖြစ်ကြောင်း ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဝင်းထံမှ သိရသည်။

အဆိုပါကျေးလက်ကုန်ထုတ်လမ်းသုံးလမ်းနှင့် Boxculvert တံတားများတည်ဆောက်နိုင်ရေးအတွက် ဆားလင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကုန်ထုတ်လမ်းဖောက်လုပ်မည့် မြေပြင်အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေး တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ငြိမ်းသူ**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၃၀**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေး၊ ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃၀**

တပ်မတော်(ကြည်း၊ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင်အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ မြစေတီစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်တောင်ပိုင်းရပ်ကွက်ရှိ ရွှေညောင်ပင်ပရိယတ္တိစာသင်တိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ပေါမိုင်းရပ်ကွက်ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု(ဗဟို)ကျောင်းတိုက်တို့မှ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန် တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ၊ နေ့ဆွမ်းများ၊ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြပြီး ဆရာတော်ကြီးများထံမှ ဩဝါဒခံယူကြသည်။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့ ပေါမိုင်းရပ်ကွက် ထေရဝါဒ ဗုဒ္ဓသာသနာပြု(ဗဟို) ကျောင်းတိုက်ရှိ သံဃာတော်များအား အနောက်မြောက်တိုင်း စစ်ဌာနချုပ်၊ ခန္တီးတပ်နယ်မှ နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# မြောင်းမြမြို့၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပေးအပ်ပွဲကျင်းပ



**မြောင်းမြ အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရွှေဝါခန်းမ၌ ကျင်းပသည့် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ခဲ့သော နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မုဆိုးကွင်းကျေးရွာအုပ်စုမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၂၀၊ မဒေါ့ပင်ကျေးရွာအုပ်စုမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၈ ကတ်၊ သဇင်ကုန်းကြီးကျေးရွာအုပ်စုမှ နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၄၂ ကတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားစုစုပေါင်း ၅၀၀ နှင့် သိလ္လာအုပ်စုမှ အိမ်ထောင်စုလူဦးရေစာရင်း ၃၀၀ တို့ကို သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ရာ မုဆိုးကွင်းကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အခမ်းအနားသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနော်မိုင်လှကြည်နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကိုဗစ်စင်တာများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာမြို့နယ်များ၌ Quarantine Center များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီအထိ နေပြည်တော် စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၃၉ ဦးနှင့် အမျိုးသမီး ၅၉ ဦး စုစုပေါင်း ၉၈ ဦး တို့ကို လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ဓာတ်ခွဲအတည်ပြုပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ တပ်မတော်ဆေးရုံနှင့် ကျိုင်းတုံတက္ကသိုလ်တို့ရှိ Center များသို့ ယနေ့နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ အဆိုပါ Center များရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ကိုဗစ်-၁၉ အတည်ပြုလူနာများအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများအား ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ တင်သွင်းရာ ကုမ္ပဏီသုံးခုမှ ယာဉ်စီးရေ ငါးစီးဖြင့် အောက်ဆီဂျင်(အိုးခွံ) ၁၉၂၀၊ လုပ်ငန်းသုံး အောက်ဆီဂျင်စက် (Oxygen Generator) နှစ်ခုနှင့် နှာခေါင်းစည်း (Mask) ၁၂ တန် တင်သွင်းခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၁ ရက်မှ ၃၀ ရက်အတွင်း ကုမ္ပဏီ ၈၆ ခုမှ ယာဉ်စီးရေ ၁၈၆ စီးဖြင့် အောက်ဆီဂျင်အရည်(Bowser)ယာဉ်ဖြင့် ၃၃၃ တန်၊ အောက်ဆီဂျင်(အရည်) Storage Container နှစ်ခု၊ အောက်ဆီဂျင်(အရည်) Distri-butor သုံးခု၊ အောက်ဆီဂျင်(အိုးခွံ) ၁၉၂၇၁ ခု၊ Oxygen Plant ၄၇ ခု၊ ဆေးရုံသုံး အောက်ဆီဂျင်ဖြည့်စက် လေးခု၊ Oxygen Generator ၃၂ ခု၊ အိမ်သုံး အောက်ဆီဂျင်စက် (Oxygen Concentrator) ၂၇၃၉ ခု၊ Test Kit ၁၅၁၀၅ ခု ၊ PPE ၂၅၀၁၇၅ စုံ၊ လက်အိတ် ၁၁၆ တန်နှင့် နှာခေါင်းစည်း (Mask) ၇၃၇ တန် တင်သွင်းခွင့်ပြုခဲ့ပြီး ဖြစ်သည်။

အောက်တိုဘာ ၁ ရက်မှ ၃၀ ရက်အတွင်း ပြည်ပမှ တင်သွင်းသည့် အောက်ဆီဂျင်အရည်(Bowser)ယာဉ် စုစုပေါင်း ၁၇ စီးမှာ ရန်ကုန်မြို့သို့ ၁၄ စီးနှင့် မန္တလေးမြို့သို့ သုံးစီးဖြစ်ပြီး Oxygen Plant စုစုပေါင်း ၄၇ ခုမှာ ရန်ကုန်မြို့သို့ ၃၃ ခု၊ မြစ်ကြီးနားမြို့သို့ နှစ်ခု၊ ကူမဲမြို့သို့ နှစ်ခု၊ လွိုင်ကော်မြို့သို့ နှစ်ခု၊ မန္တလေး၊ ဟုမ္မလင်း၊ ကျုံဒိုး ၊ ဆင်ပေါင်ဝဲ ၊ မင်းတုန်း၊ သရက်၊ စလင်းနှင့် ပွင့်ဖြူမြို့များသို့ တစ်ခုစီဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေး ကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း သိရသည်။

**သတင်းစဉ်**



ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများ တင်သွင်းလာစဉ်။

## ကရသူရီမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကရသူရီ အောက်တိုဘာ ၃၀**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ကရသူရီမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၈ နာရီက ဆောင်ရွက်သည်။

နိုဝင်ဘာ ၁ ရက်တွင် ကရသူရီမြို့ အခြေခံပညာအထက်တန်းကျောင်းကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ပြီး ကျောင်းဝင်းတစ်ခွင် အမှိုက်သရိုက်များ၊ ပေါင်းမြက်များ၊ ရေမြောင်းများနှင့် ချုံနွယ်များကို မြို့အဆင့်ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ဖြင့် စုပေါင်းရှင်းလင်းပြီး အဆိုပါဆောင်ရွက်ခြင်းကို မြို့အုပ်ချုပ်ရေးမှူး ဦးအေးမျိုးအောင် ဦးစီး၍ ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ ပါဝင်ဆောင်ရွက်ကာ ကျောင်းဝန်းတစ်ခွင်သာယာလှပရေးကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **အေးအေးသန်း**



## သရက်မြို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်

**သရက် အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်တွင် အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် ရပ်ကွက်/ကျေးရွာများရှိ အခြေခံပညာကျောင်းများအား ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက စုပေါင်းဆောင်ရွက်သည်။

အဆိုပါကျောင်းများအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ရာတွင် ကျောင်းအတွင်း၊ ကျောင်းအပြင်သန့်ရှင်းခြင်း၊ ဆေးများဖျန်းခြင်း၊ စာသင်ခုံများစီခြင်း၊ သောက်သုံးရေများဖြည့်ခြင်း၊ ချုံနွယ်များ၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများနှင့် ပရဟိတအဖွဲ့များက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၀ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းလွန်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးကမ်းလွန်တို့တွင် တည်ရှိနေပြီး အနောက်ဘက်သို့ ဆက်လက်ရွေ့လျားသွားမည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# တနိုင်းမြို့ပေါ်ကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



**တနိုင်း အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် တနိုင်းမြို့နယ် အခြေခံပညာအထက်တန်း ကျောင်းများနှင့် အခြေခံပညာ မူလတန်းလွန်ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်ရေးနှင့် ကိုဗစ်-၁၉ ရောဂါကပ်ဘေးမှ ကင်းဝေးစေရန်အတွက် ယနေ့နံနက် ၇ နာရီမှစ၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆောင်မှုဖြင့် မြို့ပေါ်ကျောင်းများတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့များက ဦးဆောင်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဝင်များ၊ ဌာနပေါင်းစုံမှ ဝန်ထမ်းများ စုပေါင်း၍ ကျောင်းဝင်းအတွင်း ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ဆရာ ဆရာမများနှင့် ပညာရေးဝန်ထမ်းများက ကျောင်းစာသင်ခန်းများအား သန့်ရှင်းရေး ပြုလုပ်ခြင်းနှင့် စာသင်ခုံများကို စနစ်တကျစီခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းသန့်ရှင်းရေး ပြုလုပ်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုး လာရောက်ကြည့်ရှုကာ ကျောင်းသန့်ရှင်းရေး ပြုလုပ်ရာတွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးနှင့် ကျောင်း၏ ဥပမိရုပ် ကောင်းမွန်စေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝါဝါ (မြန်/ဆက်)**



ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၂၈ ကျောင်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီနှင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများက အောက်တိုဘာ ၃၀ ရက်က ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်စဉ်။

ခင်ကို(ကျောက်တံခါး)



ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်ရှိ အမှတ်(၁)၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းတို့၌ နယ်မြေခံတပ်နယ်မှ တပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၃၀ ရက်တွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။

မင်းလွင်ဦး(မြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်းပေါင်း ၁၃၄ ကျောင်းကို နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားစစ်သည်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများက အောက်တိုဘာ ၃၀ ရက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကိုသားကြီး(ကျောက်ကြီး)



မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားစစ်သည်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဆရာ ဆရာမများက အောက်တိုဘာ ၃၀ ရက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ဇာဇာ(အထက်မင်းလှ)

# အော်ဂဲနစ်မြေသြဇာနှင့် အော်ဂဲနစ်ပိုးသတ်ဆေး

*ကိုကျော်စွာ(ကျိုက်ပီ)*

**စာရေးသူတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည်။ ထို့ကြောင့် မြေကြီးကို အားကိုးအားထားပြုနေကြရသည်။ ထိုမြေကြီးသည်လည်း စိုက်ပျိုးသီးနှံများဖြစ်ထွန်းစေရန်အတွက် မြေဆီသြဇာကြွယ်ဝရန် လိုပါသည်။ ယခုအခါ ဓာတုဓာတ်မြေသြဇာများ သုံးစွဲလာခြင်းကြောင့် မြေဆီခန်းခြောက်လာသည်ကို သတိပြုသင့်ပေသည်။ စိုက်ပျိုးသူများအနေဖြင့်လည်း မြေဆီသြဇာခန်းခြောက်ခြင်းကို ကြုံတွေ့လာရသည့်အပြင် ပိုးမွှားမျိုးစုံ ကျရောက်ဖျက်ဆီးခြင်းကိုလည်း ခံကြရသည့်အခါ ပိုးသတ်ဆေးများကို အသုံးပြုကြရသည်။ ပိုးတစ်မျိုးအတွက် ပိုးသတ်ဆေးတစ်မျိုး ပေါ်လာပါက နောက်ထပ်အခြားပိုးတစ်မျိုးက ပေါ်လာပြန်သည်။ ထိုပိုးကို နှိမ်နင်းဖို့ နောက်ထပ်ပိုးသတ်ဆေး တစ်မျိုး လည်း ပေါ်လာရပြန်သည်။ ဤနည်းဖြင့် ပိုးသတ်ဆေးမျိုးစုံပေါ်လာ၍ အဆိပ်သံသရာလည်နေတော့သည်။ ဓာတုမြေသြဇာနှင့် ဓာတု ပိုးသတ်ဆေးများသည် သဘာဝပတ်ဝန်းကျင်နှင့် လူတို့အတွက် အန္တရာယ်ပင်ဖြစ်ပါသည်။ သို့ဆိုပါလျှင် စိုက်ပျိုးရေးအတွက် မည်သည့် မြေသြဇာနှင့် မည်သည့်ပိုးသတ်ဆေးကို အသုံးပြုရမည်နည်းဟု မေးစရာရှိလာပါသည်။ စာရေးသူအနေဖြင့်တော့ အော်ဂဲနစ်မြေသြဇာနှင့် အော်ဂဲနစ်ပိုးသတ်ဆေးသာ အသုံးပြုကြပါဟု ပြောလိုပါသည်။**

### အော်ဂဲနစ်မြေသြဇာများ (Organic Fertilizer)

အော်ဂဲနစ်မြေသြဇာဆိုသည်မှာ အပင်များမှလည်းကောင်း၊ တိရစ္ဆာန်အညစ်အကြေးများမှလည်းကောင်း၊ အကျိုးပြုအဏုဇီဝပိုးများမှ လည်းကောင်း ပြုလုပ်ခြင်းဖြစ်သည်။ အော်ဂဲနစ်မြေသြဇာများမှာ အပင်ဆွေးမြေသြဇာ(Compost)၊ တိရစ္ဆာန်အညစ်အကြေးမြေသြဇာ(Manures)၊ အဏုဇီဝမြေသြဇာနှင့် တီကောင်စွန့်ပစ်မြေသြဇာ(Vermicompost) ဟူ၍ဖြစ်သည်။

### အပင်ဆွေးမြေသြဇာ(Compost)

အပင်ဆွေးမြေသြဇာကို အပင်၏အကိုင်း၊ အရွက်နှင့် သစ်သီးခြံဆွေးများ၊ သစ်ပင်ပန်းမန်နှင့် အခြားသောအပင်တို့၏ အစိတ်အပိုင်းများဖြင့် ပြုလုပ်သည်။ သစ်ပင်တစ်ပင်ရှိ သစ်ရွက်ကြွေများသည် ထိုသစ်ပင်အတွက် မြေသြဇာဖြစ်သလို အခြားသောအပင်များအတွက်လည်း မြေသြဇာကို ပေးစွမ်းနိုင်ပါသည်။ အပင်ဆွေးမြေသြဇာပြုလုပ်ရန်အတွက် ကျင်း သို့မဟုတ် အုတ်ကန်တစ်ခုထဲသို့ သစ်ရွက်များ၊ သစ်ကိုင်းများ၊ သစ်ဆွေးတုံးများ၊ သီးနှံအခွံများနှင့် အခြားသောအပင်တို့၏ အစိတ်အပိုင်းများကို ထည့်ထားရသည်။ ထို့နောက် ရေနှင့်အောက်ဆီဂျင်သည် ထိုအစိတ်အပိုင်းများကို အချိန်ကြာမြင့်စွာ ထိတွေ့၍ တဖြည်းဖြည်းဆွေးမြည့်ပျက်စီးလာကာ အော်ဂဲနစ်မြေသြဇာအဖြစ်သို့ ရောက်ရှိလာခြင်းဖြစ်ပါသည်။ လူတို့၏ ကျန်းမာရေးနှင့် စိုက်မျိုးမြေ၌ မြေဆီသြဇာကြွယ်ဝစေရန်အတွက် အပင်ဆွေးအော်ဂဲနစ်မြေသြဇာသည် အလွန်ကောင်းမွန်သော မြေသြဇာတစ်မျိုးဖြစ်ပါသည်။

### တိရစ္ဆာန်အညစ်အကြေးမြေသြဇာ(Manures)

တိရစ္ဆာန်အညစ်အကြေးမြေသြဇာကို ကျွဲချေး၊ နွားချေး၊ ကြက်ချေး၊ ဘဲချေး စသည်တို့ဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ တိရစ္ဆာန်တို့မှရသော အညစ်အကြေးများကို အော်ဂဲနစ်မြေသြဇာအဖြစ် အသုံးပြုခြင်းသည် ငွေကုန်ကြေးကျသက်သာသလို အခြားသောဘေးထွက်ဆိုးကျိုးများလည်း ကင်းစေသည်။ စာရေးသူတို့ဒေသတွင် နွားချေးကို အများဆုံးအသုံးပြုလေ့ရှိကြသည်။ နွေစပါးသိမ်းပြီးချိန်တွင် နွားချေးဆွေးများကို လယ်ကွင်းထဲ၌ အတန်ငယ်ခြား၍ ပုံထားလေ့ရှိကြသည်ကို တွေ့ရသည်။ နောက်မိုးရာသီအခါ လယ်ထွန်ပါက ထိုနွားချေးဆွေးများနှင့် မြေသမသွားကာ မြေသြဇာအဖြစ် အသုံးပြုကြပါသည်။ နွားချေးတွင် သီးနှံပင်များအတွက် လိုအပ်သော နိုက်ထရိုဂျင် ၃ ရာခိုင်နှုန်း၊ ဖော့စဖရပ် ၂ ရာခိုင်နှုန်းနှင့် ပိုတက်စီယမ် ၁ ရာခိုင်နှုန်း ပါဝင်ကြောင်း သိရသည်။ နွားချေးမြေသြဇာသည် မြေအစိုဓာတ်ကိုထိန်းပေးသလို မြေဆီလွှာကိုလည်း ကောင်းမွန်စေပါသည်။ ထို့ပြင် အကျိုးပြုအဏုဇီဝပိုးများ ရှင်သန်စေရန်အတွက်လည်း အထောက်အကူပြုသည့် အော်ဂဲနစ်မြေသြဇာတစ်မျိုးပင် ဖြစ်ပါသည်။ ထိုနွားချေးမြေသြဇာအပြင် ကြက်ချေးနှင့်ဘဲချေးကိုလည်း အော်ဂဲနစ်သဘာဝမြေသြဇာအဖြစ်အသုံးပြုနိုင်ပါသည်။ ကြက်ချေးဆွေးနှင့် ဘဲချေးဆွေးများကိုလည်း နွားချေးဆွေးကဲ့သို့ပင် သီးပင်စားပင်များအတွက် မြေသြဇာအဖြစ် အသုံးပြုနိုင်ပါသည်။

### တီကောင်မြေသြဇာ (Vermicompost)

တီကောင်များသည် ကမ္ဘာ့မြေဆီလွှာအပေါ်ယံတွင် နေကြသည်။ လတ်ဆတ်သော ဇီဝပစ္စည်း ၉၀ ရာခိုင်နှုန်းနှင့် မြေကြီး ၁၀ ရာခိုင်နှုန်းကို စားသုံးကာ တီကျစ်စာခဲများအဖြစ် ပြန်လည်ထုတ်ပေးသည်။ ထိုကျစ်စာခဲများတွင် ကယ်လ်စီယမ်ဓာတ်များ ပါဝင်ပါသည်။ တီကောင်မြေသြဇာကို တီမွေးကန်များ ပြုလုပ်၍ ထုတ်လုပ်ကြပါသည်။ အိန္ဒိယနိုင်ငံတွင် တီကောင်မြေသြဇာကို ၁၉၉၅ မှ ၁၉၉၇ အထိ တန်ချိန်ပေါင်း ၃ ဒသမ ၅ သန်းခန့် ထုတ်လုပ်ခဲ့သည်ဟု သိရပါသည်။ တီကောင်မြေသြဇာသည် အသီးအပွင့်များကို အောင်မြင်စေသည့်အပြင် အပင်ကိုလည်း ကြီးထွားရှင်သန်စေသည်။ မြေဆီသြဇာကို ကောင်းမွန်စေသလို မြေတွင်းအောက်ဆီဂျင်ကို ပိုရစေသည်။ အစိုဓာတ်ကိုလည်း ကောင်းစွာထိန်းပေးနိုင်သည့် အော်ဂဲနစ်မြေသြဇာဖြစ်ပါသည်။

### အော်ဂဲနစ်ပိုးသတ်ဆေးများ(Organic insecticides)

စိုက်ပျိုးရေးအတွက် မြေဆီမြေသြဇာသည် အလွန်အရေးပါလှပါသည်။ မြေဆီသြဇာ၏အထောက်အပံ့ကြောင့် သီးနှံများ ဖြစ်ထွန်းအောင်မြင်သော်လည်း ပိုးဖျက်၍ ပျက်စီးခဲ့ရသည်များလည်း ရှိပါသည်။ ထိုဖျက်ပိုးများကို ကာကွယ်ဖို့ရာ ဓာတုပိုးသတ်ဆေးများကို တွင်ကျယ်စွာ အသုံးပြုလာသည်ကို တွေ့ရပါသည်။ ထိုဆေးများသည် ကျန်းမာရေးရှုထောင့်ကကြည့်ပါက မကောင်းဟု စာရေးသူယူဆပါသည်။ ထို့ကြောင့် ဓာတုပိုးသတ်ဆေးများအစား အော်ဂဲနစ်ပိုးသတ်ဆေးကို အသုံးပြုသင့်ပါသည်။ အော်ဂဲနစ်ပိုးသတ်ဆေးများမှာ ငရုတ်ပိုးသတ်ဆေး(Chilli insecticide)၊ တမာပိုးသတ်ဆေး(Neem insecticide)၊ ကြက်သွန်ဖြူပိုးသတ်ဆေး (Garlic insecticide) နှင့် ဂန္ဓမာပိုးသတ်ဆေး(Pyrethram insecticide)တို့ ဖြစ်ပါသည်။

### ငရုတ်ပိုးသတ်ဆေး(Chilli insecticide)

ငရုတ်ပိုးသတ်ဆေး ပြုလုပ်ရာတွင် ငရုတ်သီးအစို သို့မဟုတ် ငရုတ်သီးအခြောက်ကို ရေသင့်သလောက်ဖြင့် မိနစ် ၂၀ ခန့် ဆူအောင် ပြုလုပ်ပြီး အအေးခံကာ ထိုငရုတ်သီးအရည်ကို စစ်ယူ၍ အသုံးပြုခြင်းဖြစ်ပါသည်။ ငရုတ်ပိုးသတ်ဆေးရည်သည် ခြ၊ ပုရွက်ဆိတ်၊ ပေါက်ဖတ်နှင့် ပိုးတုံးလုံး အပါအဝင် အခြားအင်းဆက်ပိုးအချို့ကို နှိမ်နင်းပေးပါသည်။ ငရုတ်ပိုးသတ်ဆေးရည်သည် အော်ဂဲနစ်ပိုးသတ်ဆေးစစ်စစ်ဖြစ်ပါသည်။ ခြွင်းချက်အနေဖြင့် သီးနှံများခူးခါနီးတွင် အသုံးမပြုသင့်တော့ပေ။

### တမာပိုးသတ်ဆေး(Neem insecticide)

တမာပင်သည်နေရာ ဒေသမရွေး ပေါက်ရောက်သော အပင်ဖြစ်ပါသည်။ အထူးသဖြင့် အညာဒေသတွင် အများအပြားတွေ့ရသည်။ ခါးသော အရသာရှိ၏။ တမာပင်မှာ ပိုးသတ်ဆေးအာနိသင်ရှိကြောင်းကို ဂျာမန်စိုက်ပျိုးရေးပညာရှင် “ဆူဒန်” က ၁၉၅၆ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်ဟု ဆိုပါ သည်။ တမာပင်၏အစိတ်အပိုင်းအားလုံးပင် ပိုးမွှားများကို သေစေနိုင်ပါသည်။ တမာပင်သည် လူတို့အတွက် အန္တရာယ်မရှိသော်လည်း သီးနှံဖျက်ပိုးများကို သေစေနိုင်သော အေဇာဒီရာ့တင် (Azadirachtin) ဓာတ်ပစ္စည်းပါဝင်သည့် အော်ဂဲနစ်ပိုးသတ်ဆေးတစ်မျိုးဖြစ်ပါသည်။

### ကြက်သွန်ဖြူပိုးသတ်ဆေး(Garlic insecticide)

ကြက်သွန်ဖြူအော်ဂဲနစ်ပိုးသတ်ဆေးပြုလုပ်ပုံသည် ရိုးရှင်းလွယ်ကူသည်ဟု ဆိုရပေမည်။ ပထမဦးစွာ ကြက်သွန်ဖြူ ၁၀ ဥခန့်ကို ဓားဖြင့် စဉ်းကာ ရေတစ်လီတာရှိသော ပုလင်းထဲသို့ထည့်၍ ခြောက်နာရီကြာစိမ်ထားပြီး အရည်ကိုစစ်ယူ၍ အသုံးပြုရပါသည်။ အသုံးပြုခါနီးတွင် ရေလေးဆထပ်၍ ရောရပါမည်။ ခြွင်းချက်အနေဖြင့် အသီးအနှံများ ခူးဆွတ်ခါနီးအချိန်တွင် အသုံးမပြုသင့်ပါ။ သဘာဝအော်ဂဲနစ် ကြက်သွန်ဖြူပိုးသတ်ဆေးရည်သည် မှုံ့စွဲနာပိုးများကို ပိုမိုထိရောက်စွာ နှိမ်နင်းပေးနိုင်ပါသည်။ ထို့အပြင် ပေါက်ဖတ်၊ ပိုးတုံးလုံးနှင့် အခြားသောသီးနှံဖျက်ပိုးများကို နှိမ်နင်းပေးနိုင်ပါသည်။

### အော်ဂဲနစ်မြေသြဇာနှင့် အော်ဂဲနစ်ပိုးသတ်ဆေး အသုံးပြုခြင်းကောင်းကျိုးများ

ယနေ့ခေတ်အသုံးပြုနေကြသော ဓာတုဗေဒဓာတ်မြေသြဇာများသည်မြေဆီမြေသြဇာကို ခန်းခြောက်ပျက်စီးစေနိုင်သည်ကို စိုက်ပျိုးသူတိုင်း သတိပြုမိမည်ဟု ထင်ပါသည်။ ထိုဆေးများသည် မြစ်ချောင်းနှင့် လေထုအတွင်း ရောက်ရှိပါက လေထုနှင့်ရေထု ညစ်ညမ်းစေပါသည်။ သောက်သုံးသူ၊ ရှူရှိုက်မိသူများအတွက် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ဓာတုပိုးသတ်ဆေးများသည်လည်း ထိုနည်းအတူပင် ဖြစ်ပါသည်။ စားသုံးသူအတွက် ရေရှည်တွင် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ အထူးသဖြင့် ထိုဓာတုဆေးများကြောင့် ယနေ့ခေတ်သေမိန့်ရောဂါဟု ဆိုရလောက်သော ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်ပါသည်။ အော်ဂဲနစ်မြေသြဇာနှင့် အော်ဂဲနစ် ပိုးသတ်ဆေးကိုအသုံးပြုပါက သဘာဝပတ်ဝန်းကျင်ကို ညစ်ညမ်းမှု မဖြစ်စေနိုင်ပေ။ အကျိုးပြုအင်းဆက်များကိုလည်း ကာကွယ်ပေးနိုင်ပါသည်။ စိုက်ပျိုးတောင်သူများအနေဖြင့် ပထမငွေကုန်ကြေးကျ သက်သာစေသည်။ မြေဆီမြေသြဇာပျက်စီးမှုမရှိသဖြင့် အထွက်နှုန်းကို ကောင်းမွန်စေပါသည်။ စားသုံးသူများအနေဖြင့် ဓာတုဆေးကင်းသည့်အတွက် သန့်ရှင်းလတ်ဆတ်သော အသီးအနှံများကို စားသုံးရသဖြင့် ရောဂါဖြစ်ပွားမှုအန္တရာယ်မှ ကင်းဝေးစေပါသည်။ အသီးအနှံတို့၏ အာဟာရသည် ဓာတုဆေးဖြင့် စိုက်ပျိုးသော အသီးအနှံများထက် အရသာပို၍ကောင်းမွန်သည်။ ထိုကဲ့သို့သော ကောင်းကျိုးများကို ရရှိမည့်အပြင် အခြားသော ကောင်းကျိုးများစွာကိုလည်း ရရှိစေမည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့်ဆိုရလျှင် ယနေ့ခေတ်အသုံးပြုနေကြသော ဓာတုဓာတ်မြေသြဇာနှင့် ဓာတုပိုးသတ်ဆေးများ၏ ဘေးထွက်ဆိုးကျိုးကို သိလောက်မည်ဟု ထင်ပါသည်။ ထို့ကြောင့် မြေကြီးက ရွှေသီးဖို့အတွက် မြေဆီမြေသြဇာကောင်းရန် လိုသည်။ လူသားတို့ကျန်းမာရေးအတွက် အဆိပ်ကင်းသော အသီးအနှံများကို စားသုံးကြရန် လိုပါသည်။ သို့ဖြစ်၍ ရေရှည်ကို မျှော်ကိုးကာ အော်ဂဲနစ်မြေသြဇာနှင့် အော်ဂဲနစ်ပိုးသတ်ဆေးများကို အသုံးပြုကြပါဟု တိုက်တွန်းချင်ပါသည်။ ။

> **❖ ယနေ့ခေတ်အသုံးပြုနေကြသော ဓာတုဗေဒဓာတ်မြေသြဇာများသည် မြေဆီမြေသြဇာကို ခန်းခြောက်ပျက်စီးစေနိုင်သည်ကို စိုက်ပျိုးသူတိုင်း သတိပြုမိမည်ဟု ထင်ပါသည်။ ထိုဆေးများသည် မြစ်ချောင်းနှင့် လေထုအတွင်း ရောက်ရှိပါက လေထုနှင့်ရေထု ညစ်ညမ်းစေပါသည်။ သောက်သုံးသူ၊ ရှူရှိုက်မိသူများအတွက် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ ဓာတုပိုးသတ်ဆေးများသည်လည်း ထိုနည်းအတူပင် ဖြစ်ပါသည်။ စားသုံးသူအတွက် ရေရှည်တွင် ကျန်းမာရေးကို ထိခိုက်စေနိုင်ပါသည်။ အထူးသဖြင့် ထိုဓာတုဆေးများကြောင့် ယနေ့ခေတ်သေမိန့်ရောဂါဟု ဆိုရလောက်သော ကင်ဆာရောဂါကို ဖြစ်ပွားစေနိုင်ပါသည်**

**ကိုးကား- အော်ဂဲနစ်စိုက်ပျိုးရေး၊ အော်ဂဲနစ်အစားအစာများနှင့် ကျန်းမာရေး (ဒေါက်တာခင်မောင်လွင်)**

# ချင်းပြည်နယ် ထန်တလန်မြို့ မီးလောင်ကျွမ်းမှုဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ဖြေကြားချက်

နေပြည်တော် အောက်တိုဘာ ၃၀

**ချင်းပြည်နယ် ထန်တလန်မြို့တွင် အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီမှစတင်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး နေအိမ်များစွာ မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် အဆိုပါ ဖြစ်စဉ်များသည် တပ်မတော်က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းကြောင့် ဖြစ်ပွားခဲ့ကြောင်း လူမှုကွန်ရက်မီဒီယာများတွင် ဖော်ပြလျက်ရှိသည်။ အဆိုပါ သတင်းများနှင့်ပတ်သက်၍ သတင်းမီဒီယာများ၏ မေးမြန်းချက်အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက ယခုကဲ့သို့ ဖြေကြားခဲ့သည်-**

### အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်

"အခြေအမြစ်မရှိတဲ့ စွပ်စွဲချက်တွေကို ကျွန်တော်တို့ ပြောနေတဲ့ ပြည်ဖျက်မီဒီယာတွေကနေ ဆောင်ရွက်နေတာတွေကို တွေ့ရတယ်။ လူမှုကွန်ရက်စာမျက်နှာပေါ်မှာလည်း ကျယ်ကျယ်ပြန့်ပြန့်ဖြန့်နေတာကို တွေ့ရပါတယ်။ ဖြစ်စဉ်ကတော့ မနေ့က အောက်တိုဘာလ ၂၉ ရက်နေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်လောက်မှာ ထန်တလန်မြို့မှာ လုံခြုံရေးတာဝန်ကျနေတဲ့ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က မြို့တွင်းလုံခြုံရေးလှည့်ကင်းဆောင်ရွက်ပါတယ်။ လှည့်ကင်းဆောင်ရွက်ရာမှာ ထန်တလန်မြို့ အမှတ်(၁)ရပ်ကွက် မြို့လယ်လို့လည်း ပြောလို့ရပါတယ်။ အဲ့ဒီအရောက်မှာ လမ်းဘေးကနေ PDF အမည်ခံအကြမ်းဖက်အဖွဲ့ကနေ လက်လုပ်မိုင်း သုံးလုံးခွဲပြီး တိုက်ခိုက်ခဲ့တယ်။ လက်နက်ငယ်တွေနဲ့ ပစ်ခတ်ခဲ့ပါတယ်။ ဒီလိုပစ်ခတ်ခဲ့တဲ့အတွက် ပြန်လည်ပစ်ခတ်ခဲ့တယ်။ ပြန်လည်ပစ်ခတ်တဲ့နေရာမှာ PDF အဖွဲ့တွေက လူနေအဆောက်အဦတွေကို အကာအကွယ်ယူပြီး ဆုတ်ပြေးတယ်။ လူနေ အဆောက်အဦ လေးလုံးကို နောက်ကနေဆက်လိုက်လာလို့မရအောင် မီးရှို့ပြီး ဆုတ်ပြေးသွားတယ်။

### တပ်မတော်က ဆောင်ရွက်တာမဟုတ်

"ဖြစ်စဉ်မှာ မိမိတို့အဖွဲ့တစ်ယောက် ကျဆုံးခဲ့တာရှိပါတယ်။ အဲ့ဒီအဖွဲ့တွေ လိုက်ရှင်းပြီး ပြန်လာတဲ့အခါမှာ မီးလောင်နေတာ တွေ့လို့ မီးငြိမ်းသတ်ဖို့အတွက် နောက်ထပ်လုံခြုံရေး တပ်ဖွဲ့ဝင်တွေ သွားခဲ့တယ်။ သွားတဲ့အခါမှာလည်း လူနေအဆောက်အဦတွေ အကာအကွယ်ယူပြီး မီးငြိမ်းသတ်ဖို့လာတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ သက်ဆိုင်ရာ ဝန်ထမ်းတွေကို ပြန်လည်ပစ်ခတ်ခဲ့ပါတယ်။ ဒါကြောင့် မီးမငြိမ်းသတ်နိုင်ဘဲ မီးလောင်ရခြင်းဖြစ်ပါတယ်။ တပ်မတော်က ဆောင်ရွက်တာမဟုတ်ဘူး PDF အကြမ်းဖက်အဖွဲ့တွေက




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း သတင်းမီဒီယာများ၏ ဆက်သွယ်မေးမြန်းမှုကို ဖြေကြားစဉ်။

> **"ထန်တလန်မြို့မှာ ပြည်သူလူထုကို အကာအကွယ်ယူပြီးတော့ မီးရှို့ဖျက်ဆီးမှုတွေ လုပ်တာတွေ၊ လူသားတံတိုင်းသဖွယ် အသုံးပြုနေတာတွေက PDF အကြမ်းဖက်အဖွဲ့ပါလို့ ပြောချင်ပါတယ်"**

လှည့်ကင်းဆောင်ရွက်နေတဲ့အဖွဲ့တွေကို ပစ်ခတ်ပါတယ်။ သူတို့နောက်ကို လိုက်ပြီးရှင်းတဲ့အခါမှာ မီးရှို့ထွက်ပြေးခဲ့တာ ဖြစ်ပါတယ်။

### ကြိုတင်ကြံစည်ထား

"ဒါနဲ့ပတ်သက်ပြီး နောက်ခံအကြောင်းရင်းတွေကို ပြောရမယ်ဆိုရင် ယခုလ ၂၂ ရက်နေ့မှာလည်း ထန်တလန်နဲ့ ဟားခါး ဆက်သွယ်ထားတဲ့ တံတားကို ဖုံးခွဲပြီး တိုက်ခိုက်ခဲ့တယ်။ အဓိကတော့ ထန်တလန်ကိုဆက်သွယ်ရေးဖြတ်တောက်တာပေါ့။ အဲ့ဒီတံတားကို ဘယ်သူတွေ ဖုံးခွဲတိုက်ခိုက်ခဲ့တယ်ဆိုတာလည်း ပြောစရာမလိုပါဘူး။ သူတို့ကြိုတင်ကြံစည်ထားတာပါ။ Video File တွေနဲ့ ပြည်ဖျက်မီဒီယာတွေမှာ တက်လာတာ တွေ့လိမ့်မယ်။ ဒီလိုဖြစ်တဲ့အတွက် ဟားခါးကနေ ထန်တလန်ကို မသွားရောက်နိုင်ခဲ့တာရှိတယ်။ မြို့ထဲမှာ မီးငြိမ်းသတ်ဖို့အတွက် သွားရောက်ခဲ့တဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ သက်ဆိုင်ရာ ဝန်ထမ်းတွေကို ချောင်းမြောင်းပစ်ခတ်နေတာ ရှိပါတယ်။ ဒါဟာ တမင်သက်သက် အကွက်ချပြီး ကြိုတင်စီမံပြီး လုပ်တာလို့ပြောချင်တယ်။

### သတင်းထူးခြားမှုရှိရင် ကင်းလှည့်တာပဲရှိ

"ထန်တလန်ရဲ့ အခြေအနေမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့နဲ့ တပ်မတော်ဟာ သူ့ရဲ့နဂိုရှိပြီး သားနေရာတွေမှာပဲ နေထိုင်လျက်ရှိတယ်။ မြို့ထဲမှာနေတဲ့ သူတွေလုံခြုံရေးအတွက်ပဲ သတင်းထူးခြားမှုရှိရင် ကင်းလှည့်တာပဲရှိတယ်။ ထန်တလန်မြို့ထဲမှာ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကလည်း ပြည်သူလူထုကြားထဲမှာ အဆောက်အဦတွေကြားထဲမှာ ပြည်သူလူထုကို အကာအကွယ်ယူပြီး နေထိုင်နေခြင်းဖြစ်တယ်။ သူတို့ဆုတ်ခွာသွားတဲ့ နေရာမှာလည်း မီးရှို့ပြီး ဆုတ်ခွာသွားတာဖြစ်တယ်။ လွန်ခဲ့တဲ့ ၃/၄ ရက်ကလည်း NUG အကြမ်းဖက်အဖွဲ့က မီဒီယာတွေမှာ အမြဲတမ်းထွက်ပြီး အကြမ်းဖက်လှုံ့ဆော်နေတဲ့ သူတို့ရဲ့ဝန်ကြီးဆိုတဲ့ လူတစ်ယောက်ပြောခဲ့တာ ရှိတယ်။ လွန်ခဲ့တဲ့ ၃/၄ ရက်ကပြောခဲ့တာကို သတိထားမိမှာ ဖြစ်ပါတယ်။ သူပြောခဲ့တဲ့ စကားထဲမှာ ချင်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းဒေသကြီးမှာဆိုရင် PDF အဖွဲ့တွေက လွတ်လွတ်လပ်လပ် သွားလို့ရနေပြီ တပ်ကမလွှမ်းမိုးနိုင်တော့ဘူးလို့ ပြောခဲ့တာရှိပါတယ်။ ဒီစကားတွေကို ထောက်ခြင်းဖြင့် ထန်တလန်မြို့မှာ ပြည်သူလူထုကို အကာအကွယ်ယူပြီးတော့ မီးရှို့ဖျက်ဆီးမှုတွေ လုပ်တာတွေ၊ လူသားတံတိုင်းသဖွယ် အသုံးပြုနေတာတွေက PDF အကြမ်းဖက်အဖွဲ့ပါလို့ ပြောချင်ပါတယ်။

### ဒေသလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်

"ဒါနဲ့ပတ်သက်ပြီး ပြည်သူလူထုကို အသိပေးလိုတာကတော့ PDF အမည်ခံအကြမ်းဖက် အဖွဲ့တွေအနေနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ကျူးလွန်တဲ့ကိစ္စတွေ မိမိတို့အနေနဲ့ သတင်း ထုတ်ပြန်ပေးလျက်ရှိတယ်။ ဒါ့အပြင် ခုနောက်ပိုင်းမှာ မြို့ရွာတွေကို ဖျက်ဆီးတဲ့အဆင့်အထိ၊ လမ်းတံတားတွေကို ဖျက်ဆီးတဲ့အဆင့်အထိ၊ မြို့ရွာတွေကို ဆက်သွယ်ရေးလမ်းကြောင်းတွေကို ဖြတ်တောက်ပြီး ပြည်သူ့အသက်အိုးအိမ်တွေကို သူတို့အကာအကွယ်ရရေးအတွက် မီးရှို့ ဖျက်ဆီးတဲ့ အဆင့်အထိ လုပ်ဆောင်လာကြတယ်ဆိုတာကို သိစေလိုပါတယ်။ ဒါကြောင့် ဒီအကြမ်းဖက်လုပ်ရပ်တွေကို ပြည်သူလူထုအနေနဲ့ ဝိုင်းဝန်းဆန့်ကျင်သွားဖို့ လုံခြုံရေးတပ် ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့၊ နယ်မြေအေးချမ်းသာယာရေး၊ မိမိဒေသလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်သွားဖို့ တိုက်တွန်းလိုပါတယ်" ဟု ပြောကြားသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲများ ပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၃၀**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပွဲကို ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ကရင်ပြည်နယ် ဘားအံမြို့၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့၊ သာပေါင်းမြို့၊ လပွတ္တာမြို့၊ ဒေးဒရဲမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နှင့် ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့တို့၌ အသီးသီး ပြုလုပ်ကြပြီး ဆန္ဒဖော်ထုတ်ခဲ့ကြသည်။

ထိုသို့ ဆန္ဒဖော်ထုတ်ရာတွင် "နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား ထောက်ခံပါသည်၊ အမျိုးဘာသာ သာသနာကို စောင့်ရှောက်သော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ NUG၊ CRPH၊ PDF အကြမ်းဖက်သမားအလိုမရှိ၊ NUG၊ CRPH၊ PDF အကြမ်းဖက်လုပ်ရပ်များအား ဆန့်ကျင်ကြ၊ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး၊ ပြည်ပအားကိုးပုဆိန်ရိုးများအား ဆန့်ကျင်ကြ၊ မြန်မာ့ပြည်တွင်းရေး ပြည်ပစွက်ဖက်မှု အလိုမရှိ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လုပ်ငန်းစဉ် (၅)ရပ်အား ထောက်ခံပါသည်၊ ဒီမို ကရေစီအရေခြုံ ကွန်မြူနစ်လုပ်ရပ်ကျဆုံးပါစေ၊ NUG၊ PDF အကြမ်းဖက်မှု အမြစ်ဖြတ်၊ NUG၊ PDF အကြမ်းဖက်မှုတွေ မြင်အောင်ကြည့်၊ NUG၊ PDF ရဲ့ ပြည်သူ့အပေါ် အကြမ်းဖက်မှု ချက်ချင်းရပ်" စသည့်စာသားပါ ဆိုင်းဘုတ်များအား ကိုင်ဆောင် ကြွေးကြော်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



မြစ်ကြီးနားမြို့ရှိ ပြည်သူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် မြန်မာ့တပ်မတော်ကို ထောက်ခံဆန္ဒဖော်ထုတ်စဉ်။

# ပူတာအိုဒေသ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အထောက်အကူပြုမည့် ဖုန်ရင်ရာဇီနှင့် ဖုန်ကန်ရာဇီ ရေခဲတောင်သွားလမ်းပိုင်း အဆင့်မြှင့်တင်

ပူတာအို အောက်တိုဘာ ၃၀

**မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဖုန်ရင်ရာဇီနှင့် ဖုန်ကန်ရာဇီရေခဲတောင်သွားလမ်းပိုင်း (အထက်ဆန်ဂေါင်-လုံနဒမ်း-ဇီယာဒမ်းလမ်း) မြေသားလမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည်။**

အဆိုပါ လမ်းပိုင်းသည် လမ်းအရှည် ၂၄ မိုင်ရှိပြီး ပူတာအိုဒေသ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဇီယာဒမ်းမှတစ်ဆင့် ဖုန်ရင်ရာဇီ ရေခဲတောင်နှင့် ဖုန်ကန်ရာဇီရေခဲတောင် ခရီးစဉ်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် အတူ ကျေးရွာ ရှစ်ရွာအတွင်းရှိ ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များနှင့် လယ်ယာထွက်ကုန်များ အချိန်မီတင်ပို့ရောင်းချနိုင်ရေးအတွက် ရာသီမရွေးသွားနိုင်မည့် လမ်းပိုင်းတစ်ခုလည်းဖြစ်ကြောင်း သိရသည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အဖွဲ့ မူလာချောင်းကူးတံတား တည်ဆောက်နိုင်ရေး ကွင်းဆင်းစစ်ဆေးစဉ်။

အဆိုပါလမ်းအဆင့်မြှင့်တင် ဆောင်ရွက်လျက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး၊ စစ်ဗျူဟာအဖွဲ့ (အခြေချ) ပူတာအိုမှ ဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းမင်းသိန်း၊ ကျေးလက်လမ်းဖွံ့ ဖြိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဇော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အောက်တိုဘာ ၂၆ ရက် နံနက်က အထက်ဆန်ဂေါင်-လုံနဒမ်း-ဇီယာဒမ်း လမ်းပိုင်း လမ်းအရှည် ၂၄ မိုင်အတွင်း တောင်ပေါ်မြေသားလမ်းတိုးချဲ့ခြင်းလုပ်ငန်း ၁၇ မိုင် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် လမ်းပိုင်းအတွင်း အရှည်ပေ ၂၄၀ ရှိ မူလာချောင်းကူးတံတား တည်ဆောက်နိုင်ရေးအတွက် ၆ မိုင် ဗျူးပွိုင့်နေရာမှတစ်ဆင့် မော်တော်ဆိုင်ကယ်များဖြင့် သွားရောက်၍ မြေပြင်အခြေအနေကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၆ မိုင်ဗျူးပွိုင့်ရှိ ရှင်းလင်းဆောင်၌ ရေခဲတောင်သွားလမ်းပိုင်း ဆောင်ရွက်နေမှု အခြေအနေများ၊ တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက် တောင်ပေါ်မြေသားလမ်း တိုးချဲ့ဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့် ရေခဲတောင် တောင်တက်ခရီးစဉ် တိုးမြှင့်ဖော်ဆောင်နိုင်ရေး၊ ကြိုးဝိုင်း/ကြိုးပြင်သစ်တောများ စနစ်တကျထိန်းသိမ်းနိုင်ရေး တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်သည် ပူတာအိုမြို့သို့ ပြန်လည်ရောက်ရှိပြီး အခြေခံပညာအထက်တန်းကျောင်း(ပူတာအို)၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးခဲ့ကြပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ကျောင်းဆရာ/ဆရာမများအတွက် ထောက်ပံ့ငွေများနှင့် နှာခေါင်းစည်းများကို ဖြန့်ဝေပေးအပ်သည်။

ယင်းနောက် ညနေပိုင်းတွင် ခရိုင်စက်မှုလယ်ယာဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ပူတာအိုဒေသတွင်း ဆန်ရိက္ခာဖူလုံရေး၊ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြှင့်မားလာစေရေး၊ နည်းစနစ်တကျစိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးရေး သွင်းအားစုများ မှန်ကန်မှုရှိစေရေး စက်မှုလယ်ယာဦးစီးဌာနမှ ဖော်ဆောင်သွားမည့် စိုက်ပျိုးမြေများ တိုးချဲ့ဖော်ထုတ်ပေးနိုင်ရေးနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **ပြည်နယ်(ပြန်/ဆက်)**

---

❂ *ကျောဖုံးမှ*

နှစ်သင်းစလုံးအတွက် အရေးပါသည့်ပွဲဖြစ်သောကြောင့် လူစုံထုတ် ကစားခဲ့ပြီး ပထမပိုင်းတွင် အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်ခဲ့သည်။ တရုတ်(တိုင်ပေ)အသင်းသည် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့သော်လည်း မြန်မာအသင်းက ဂိုးရနိုင်သည့် အခွင့်အရေး ပိုရခဲ့သည်။ ၁၉ မိနစ်တွင် ဝင်းနိုင်ထွန်း အပိုင်ကန်ခွင့်ရသော်လည်း လွဲချော်သွားသလို ၂၉ မိနစ်တွင် ဝင်းနိုင်ထွန်းပင် နောက်တစ်ကြိမ်ကန်ခွင့်ရသော်လည်း တိုင်ထိထွက်သွားသဖြင့် ပထမပိုင်းအပြီးတွင် ဂိုးမရှိ သရေကျနေသည်။ ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ခဲ့သည့် မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ကစားသမားများ အပြောင်းအလဲ ပြုလုပ်ကာ တိုက်စစ်မြှင့်လာခဲ့သည်။ ၇၉ မိနစ်တွင် မြန်မာအသင်းတစ်လုံးတည်းသော အနိုင်ဂိုးရခဲ့ပြီး ကောင်းမြတ်သူက သွင်းယူခဲ့ခြင်း ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲအဖြစ် နိုဝင်ဘာ ၂ ရက်တွင် ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်သည်။ အုပ်စု (I) ဒုတိယနေ့အပြီးတွင် မြန်မာနှင့် ဗီယက်နမ်အသင်းက သုံးမှတ်စီရထားပြီး နှစ်ပွဲစလုံး အရေးနိမ့်ခဲ့သည့် တရုတ်(တိုင်ပေ)အသင်းမှာမူ ခြေစစ်ပွဲ အောင်မြင်ခွင့် ဆုံးရှုံးသွားပြီဖြစ်သည်။ မြန်မာအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ခြေစစ်ပွဲ အောင်မြင်ရေး မျှော်လင့်ချက်ရှိလာခဲ့ပြီး ဗီယက်နမ်နှင့် အပြိုင်လုရတော့မည်ဖြစ်သည်။ မြန်မာနှင့် ဗီယက်နမ်အသင်းတို့မှာ တရုတ်(တိုင်ပေ)ကို တစ်ဂိုး- ဂိုးမရှိ ရလဒ်များဖြင့်သာ အနိုင်ရထားသဖြင့် ထိပ်တိုက်တွေ့ဆုံသည့်ပွဲတွင် အနိုင်ရသည့်အသင်းမှာ ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်ပြီး အရေးနိမ့်သည့်အသင်းမှာ အကောင်းဆုံး ဒုတိယနေရာရ လေးသင်း စာရင်းဝင်ရန်သာ ကြိုးပမ်းရမည်ဖြစ်သည်။

**ရဲရင့်လွင်**

**ဓာတ်ပုံ-AFC**



ထန်တလန်မြို့ အမှတ်(၂)ရပ်ကွက်ရှိ ခရစ်ယာန်ဘုရားကျောင်းအဆောက်အဦ မီးလောင်ပျက်စီးမှုကို တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

PDF အကြမ်းဖက်သမား ငါးဦးခန့်က လက်လုပ်ဆွဲမိုင်း သုံးလုံးဖောက်ခွဲ၍ လက်နက်ငယ်များဖြင့် ပစ်ခတ် တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် အကြမ်းဖက်သမားများသည် အရှေ့မြောက်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ပြီး ဆုတ်ခွာထွက်ပြေးရာနောက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုက်လံရှင်းလင်း တိုက်ခိုက်စဉ် အကြမ်းဖက်သမားများသည် အမှတ်(၁)ရပ်ကွက် ဘောလုံးကွင်း အနီးရှိ နေအိမ်များနှင့် အချို့မီးလောင်လွယ်သည့် ပစ္စည်းများကို စုပုံမီးရှို့ဖျက်ဆီး၍ ဆုတ်ခွာသွားခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ပြင်ဆင်ခဲ့သော်လည်း အကြမ်းဖက်သောင်းကျန်းသူများ၏ မြို့အတွင်းရှိ နေအိမ်များအတွင်း ခိုအောင်း၍ ပစ်ခတ်တိုက်ခိုက်မှုကြောင့် လိုအပ်သည့်လုံခြုံရေး လုပ်ငန်းများကို ဆောင်ရွက်၍ ယနေ့နံနက်ပိုင်းတွင် မြို့အတွင်း ဝင်ရောက်စိစစ်ခဲ့ရာ ရပ်ကွက်အတွင်းရှိ ဘုရားရှိခိုးကျောင်း နှစ်ကျောင်း၊ လူနေအိမ် ၇၀ ခန့် မီးလောင် ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

အကြမ်းဖက်အဖွဲ့ ဖြစ်သည့် NUG အဖွဲ့သည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ငန်းများကို စတင်ဆောင်ရွက်ရန် စက်တင်ဘာ ၇ ရက်တွင် ကြေညာခဲ့ပြီးနောက် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့ဒေသများတွင် အကြမ်းဖက်မှု လုပ်ရပ်များကို မကြာခဏ လုပ်ဆောင်၍ လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းမှုမရှိကြောင်း ဝါဒဖြန့်ဆောင်ရွက်လျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရရှိစေရေးနှင့် တရားဥပဒေစိုးမိုးမှု ရှိစေရေးအတွက် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

ကာရာဘောင်ဖလား တတိယအဆင့်တွင် မန်ယူအအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ စတုတ္ထအဆင့်တွင် မန်စီးတီးအသင်းကို ပယ်နယ်တီ အဆုံးအဖြတ်တွင် ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သော ဝက်စ်ဟမ်းအသင်းက စပါးအသင်းနှင့် တွေ့ဆုံနေသည်။ သောမတ်တူချယ်၏ ချယ်ဆီးအသင်းက ကာရာဘောင်ဖလား စတုတ္ထအဆင့်တွင် စတုတ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ဘရန့်ဖို့ဒ်အသင်းနှင့် တွေ့ဆုံနေပြီး နည်းပြအာတီတာ၏ အာဆင်နယ်အသင်းက ဆန်းဒါးလန်းနှင့် တွေ့ဆုံနေသည်။

ယခုနှစ်ရာသီ ကာရာဘောင်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ပရီမီယာလိဂ်မှ အသင်းခုနစ်သင်းအထိ တက်ရောက်နိုင်ခဲ့ပြီး လိဂ်ဝမ်းပြိုင်ပွဲမှ ဆန်းဒါးလန်းအသင်း တစ်သင်းသာ တက်ရောက်နိုင်ခဲ့သည်။ ထို့ကြောင့် ယခုနှစ် ကာရာဘောင်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်သည် အကြိတ်အနယ်




ရှိကာ ပြိုင်ဆိုင်မှု ပြင်းထန်လာဦးမည် ဖြစ်သည်။

အဆိုပါ ဖလားကွာတားဖိုင်နယ်ပွဲစဉ်များကို ဒီဇင်ဘာ ၂၀ရက်တွင် စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ **အောင်ဇော်**

---

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၃၀-** နေပြည်တော်နှင့် အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တို့တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# မဟာဗျူဟာမြောက် ဆွေးနွေးပွဲစတင်နိုင်ရန် အမေရိကန်နှင့် ပြင်သစ်နိုင်ငံတို့ သဘောတူ

**ဝါရှင်တန် အောက်တိုဘာ ၃၀**

အမေရိကန်နှင့် ပြင်သစ်နိုင်ငံတို့သည် ဆက်ဆံရေးဆိုးရွားနေသည့်ကာလအတွင်း လက်နက်တင်ပို့ရာတွင် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် နည်းစနစ်ကျသည့်မူဘောင်တစ်ခုကို အတူတကွချမှတ်နိုင်ရေးအတွက် နီးကပ်စွာလုပ်ဆောင်သွားရန် သဘောတူထားကြသည်။



အမေရိကန်သမ္မတဂျိုးဘိုင်ဒင်နှင့် ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်။

ပြီးခဲ့သည့်လအတွင်း ဩစတြေးလျနိုင်ငံသည် ပြင်သစ်နိုင်ငံနှင့် ချုပ်ဆိုထားသည့် အဓိကပင်လယ်သင်္ဘောစာချုပ်ကို ဖျက်သိမ်းရန် ဆုံးဖြတ်ပြီးနောက် ဆက်ဆံရေးမှာ ဆိုးရွားလာခဲ့သည်။

AUKUS ဟုခေါ်သည့် သုံးပွင့်ဆိုင် လုံခြုံရေး မိတ်ဖက်အစီအစဉ်သစ်အောက်တွင် ဩစတြေးလျနိုင်ငံသည် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့၏ နည်းပညာအကူအညီကို ရွေးချယ်ခဲ့သည်။

ပြင်သစ်အာဏာပိုင်များက အဆိုပါ စာချုပ်နှင့် ပတ်သက်၍ ဝေဖန်ခဲ့ကြသည်။ ကြိုတင်အသိပေး တိုင်ပင်ထားခြင်း မရှိသည့်အတွက် ဝေဖန်ရခြင်းဖြစ်ကြောင်း အကြောင်းပြခဲ့သည်။

ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့သည် အောက်တိုဘာ ၂၉ ရက်က အီတလီနိုင်ငံတွင် တွေ့ဆုံခဲ့ကြသည်။

ပြင်သစ်သမ္မတ မက်ခရွန်ကမူ ယခုကဲ့သို့ အခြေအနေမျိုး နောက်ထပ်မဖြစ်ပွားစေရေး အရေးကြီးသည်ဟု ပြောသည်။ ပိုမိုခိုင်မာသည့် ပူးပေါင်းဆောင်ရွက်မှုကို တောင်းဆိုခဲ့သည်။

တွေ့ဆုံမှုအပြီးတွင် နှစ်နိုင်ငံစလုံးက ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ကာကွယ်ရေး ပစ္စည်းများ တင်ပို့မှုကို ခွင့်ပြုရာတွင် ပိုမိုထိရောက်မှု ရှိစေရန်အတွက် လုပ်ဆောင်သွားမည်ဟု ကတိပြု ခဲ့ကြသည်။

**အင်န်အိတ်ချ်ကေ**

## ဖိုက်ဇာကိုဗစ်-၁၉ ကာကွယ်ဆေးကို အသက်ငါးနှစ်မှ ၁၁ နှစ် အရွယ်ကလေးများ ထိုးခွင့်ပြုရန် အက်ဖ်ဒီအေ ခွင့်ပြု

**နယူးယောက် အောက်တိုဘာ ၃၀**

အမေရိကန် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (အက်ဖ်ဒီအေ)သည် ဖိုက်ဇာကိုဗစ် -၁၉ ကာကွယ်ဆေးကို အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးများအတွက် အရေးပေါ် အခြေအနေဆိုင်ရာ သုံးစွဲခွင့်ကို ခွင့်ပြုပေးခဲ့သည်ဟု သိရသည်။





မီချီဂန်ပြည်နယ်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

အဆိုပါ ကြေညာချက်ကို အောက်တိုဘာ ၂၉ ရက်တွင် ချမှတ်ခဲ့သည်။ ကာကွယ်ဆေး ထိုးနှံပေးနိုင်မည့် အသက်အုပ်စုကို သတ်မှတ် ထောက်ခံချက်ပေးရန် အမေရိကန် ရောဂါကာကွယ်ရေး နှင့် ထိန်းချုပ်ရေးစင်တာမှ အကြံပေး ပညာရှင်များသည် လာမည့် နိုဝင်ဘာ ၂ ရက်တွင် တွေ့ဆုံကာ ဆုံးဖြတ်သွားရန် မျှော်လင့်ထားသည်။

လူကြီးများကဲ့သို့ပင် ကလေးများသည်လည်း ကာကွယ်ဆေး ထိုးရာတွင် ပထမတစ်ကြိမ် ကာကွယ်ဆေးထိုးပြီး သုံးပတ်အကြာတွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးရန် လိုအပ်မည်ဖြစ်သည်။

ကလေးများကို ကာကွယ်ဆေးပေးရာတွင် ၁၀ မိုက်ခရိုဂရမ် သို့မဟုတ် အသက် ၁၂ နှစ်နှင့် အထက်များကိုပေးသည့် ဆေးပမာဏ၏ သုံးပုံပုံလျှင် တစ်ပုံသာပေးမည်ဟု သိရသည်။

အမေရိကန် ပြည်ထောင်စုတွင် အသက်ငါးနှစ်မှ ၁၁ နှစ်ကြား ကလေး ၈၃၀၀ နီးပါးမှာ ကိုဗစ်-၁၉ ကူးစက်မှုကြောင့် ဆေးရုံတက်ရောက်ကာ ကုသမှုခံယူနေရသည်ဟု အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောသည်။

ကလေးငယ်များတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခြင်းဖြင့် ကူးစက်မှုများကို ထိန်းချုပ်ရာတွင် အကူအညီဖြစ်မဖြစ် စိတ်ဝင်စားနေကြသည်။


**အင်န်အိတ်ချ်ကေ**

## ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်

**ဟိုချီမင်း အောက်တိုဘာ ၃၀**

ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သော ဟိုချီမင်းမြို့ရှိ စားသောက်ဆိုင်များသည် လေးလကျော် ကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။

အောက်တိုဘာ ၂၈ ရက်မှ စတင်ကာ စားသောက်ဆိုင်များနှင့် ကော်ဖီဆိုင်များ ပြန်လည်ဖွင့်လှစ်နေပြီဖြစ်သည်။ ည ၉ နာရီမတိုင်မီအချိန်အထိ ဖွင့်လှစ်နိုင်ကြောင်း သိရသည်။



စားသောက်ဆိုင်တွင် ဆိုင်ထိုင်စားသောက်နေသည်ကို တွေ့ရစဉ်။

အရက်ရောင်းချမှုကိုမူ အချို့သော နေရာများတွင်သာ ခွင့်ပြုပေးထားသည်။ လာရောက်စားသုံးသူပမာဏကိုလည်း ကပ်ရောဂါ မတိုင်မီက လူဦးရေ၏ တစ်ဝက်နီးပါးကိုသာ ခွင့်ပြုပေးထားသည်။ နေ့စဉ်ကိုဗစ် -၁၉ ကူးစက်မှုနှုန်းမှာ မကြာသေးမီကာလအတွင်း ၃၀၀၀ မှ ၄၀၀၀ အထိ လျော့ကျလာခဲ့သည်။ ဩဂုတ်လအတွင်းက နေ့စဉ်ကူးစက်မှုနှုန်းမှာ ၁၀၀၀၀ နီးပါးရှိခဲ့ရာ သိသိသာသာ ကူးစက်မှု ကျဆင်းသွားခြင်းပင်ဖြစ်သည်။

တင်းကျပ်သည့် စည်းကမ်းများကြောင့် စီးပွားရေးကိုထိခိုက်စေခဲ့သည်။ ဗိုင်းရပ်စ်ကူးစက်မှုလျှော့ချရေးနှင့် စီးပွားရေးပြန်လည် ရှင်သန်စေရေးတို့အကြား မျှမျှတတ လုပ်ဆောင်နိုင်ရေးအတွက် အစိုးရက ကြိုးပမ်းလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူ ၁၄၀ ကို လစ်ဗျားနိုင်ငံမှ ပြည်နှင်ဒဏ်ပေး

**ထရီပိုလီ အောက်တိုဘာ ၃၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူ ၁၄၀ ကို ၎င်းတို့၏ မူလနိုင်ငံသို့ ပြန်လည်ပို့ဆောင်ပေးပြီးဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းနေထိုင်သူများ အဖွဲ့က အောက်တိုဘာ ၂၉ ရက်တွင် ပြောသည်။

အဆိုပါ တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများထဲတွင် ကျန်းမာရေးအခြေအနေစိုးရိမ်ရသူ ကိုးဦးပါဝင်သည်။ ဘင်္ဂလားဒေ့ရှ်သံရုံး၏ ထောက်ပံ့ပေးမှုဖြင့် တရားမဝင် နေရပ်ပြန်ပို့သည့် ရွှေ့ပြောင်းနေထိုင်သူများကို ကျန်းမာရေးဆေးစစ်မှုများ၊ ဆွေးနွေးနှစ်သိမ့်ပေးမှုများနှင့် ကိုဗစ်-၁၉ ဆေးစစ်ချက်များကို လုပ်ဆောင်ပေးခဲ့သည်ဟု ကြေညာချက်ထုတ်ပြန်ခဲ့သည်။

လစ်ဗျားနိုင်ငံသည် ၂၀၁၁ ခုနှစ်မှစတင်ကာ မတည်ငြိမ်မှုများနှင့် ဖရိုဖရဲဖြစ်မှုများကြား ကျရောက်ခဲ့ပြီး မြောက်အာဖရိကနိုင်ငံများမှလူများ ဥရောပသို့ သွားရောက်နိုင်ရေး အဓိကလမ်းကြောင်းဖြစ်နေဆဲဖြစ်သည်။

**ဆင်ဟွာ**

## အီသီယိုပီးယားနိုင်ငံ၌ ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၇၈ ဦး ထပ်မံတွေ့ရှိ

အဒစ်အဘာဘာ အောက်တိုဘာ ၃၀

အီသီယိုပီးယားနိုင်ငံတွင် အောက်တိုဘာ ၂၉ ရက်က ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၄၇၈ ဦးရှိပြီး စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၃၆၄၅၇၆ ဦး ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

တစ်ချိန်တည်းမှာပင် ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၃၁၆ ဦးကျော်ရှိလာပြီး သေဆုံးသူမှာလည်း ကိုးဦးရှိခဲ့သည်။ ထို့ကြောင့် ပြန်လည်ကျန်းမာလာသူ စုစုပေါင်းမှာ ၃၃၉၀၉၂ ဦး ရှိပြီး သေဆုံးသူစုစုပေါင်းမှာလည်း ၆၄၃၇ ဦး ရှိလာသည်။

အီသီယိုပီးယားသည် အာဖရိကတွင် ဒုတိယလူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်ပြီး အရှေ့အာဖရိကဒေသတွင် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံးလည်း ဖြစ်သည်။ ယခုအချိန်အထိ ကာကွယ်ဆေးအလုံးရေ ၄၆၇၃၀၂၇ လုံးကို ထိုးပေးခဲ့ပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းနေသော်လည်း ကိုဗစ်-၁၉ တတိယအကျော့ရဲ့ ခြိမ်းခြောက်မှု ကြီးစိုးလျက်ရှိနေသေးတဲ့ အိန္ဒိယ

*လင်းဟန်သစ်*

**နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေဟာ အကျဘက်ကို ပြနေတဲ့အတွက် ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်ဖို့ အိန္ဒိယရဲ့ကြိုးပမ်းမှုဟာ အရာထင်တယ်လို့ ပြောရမှာဖြစ်ပါတယ်။ သို့သော်လည်း ကိုဗစ်-၁၉ တတိယအကျော့ရဲ့ ခြိမ်းခြောက်မှုကတော့ အခုချိန်ထိ တဝဲလည်လည်နဲ့ မလွတ်မြောက်နိုင်သေးပါဘူး။**



ဆေးဝန်ထမ်းများကို သူရဲကောင်းအဖြစ် သရုပ်ဖော်ရေးဆွဲထားသော နံရံဆေးရေးပန်းချီကို ဖြတ်ကျော်လျှောက်လှမ်းနေသော ပါးစပ်၊ နှာခေါင်းစည်း တပ်ဆင်ထားသည့် အမျိုးသမီးတစ်ဦးကို တွေ့ရစဉ်။

### ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်း

အိန္ဒိယနိုင်ငံအနေနဲ့ ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးဆိုင်ရာ ဆောင်ရွက်ချက်တွေကို လိုက်နာလုပ်ဆောင်သလို နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးအစီအစဉ်ကို အုံနဲ့ကျင်းနဲ့ ဆက်လက်လုပ်ဆောင်နေတဲ့အတွက် လတ်တလော ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကျဆင်းလာတာဖြစ်တယ်လို့ အိန္ဒိယနိုင်ငံရဲ့ ကျန်းမာရေးဝန်ကြီးဌာန အရာရှိတွေက ယူဆထားကြပါတယ်။

အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ ပြန်လည်ကောင်းမွန်လာတဲ့နှုန်းဟာ မကြာသေးမီက ၉၈ ဒသမ ၁၉ ရာခိုင်နှုန်းအထိ တိုးလာခဲ့ပါတယ်။

လက်ရှိမှာတော့ ကိုဗစ်-၁၉ လူနာပေါင်း ၃၃၅၈၃၃၁၈ ဦးကို ကုသပေးပြီးဖြစ်တယ်လို့ ကျန်းမာရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

### တတိယအကျော့ကူးစက်ဖြစ်ပွားနိုင်တဲ့ အရိပ်အငွေ့တွေ သန်းလျက်ရှိ

လွန်ခဲ့တဲ့ ၃၂ ရက်အတွင်း အပတ်စဉ် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး စစ်ဆေးတွေ့ရှိသူအရေအတွက်ဟာ ၂ ရာခိုင်နှုန်း (၁ ဒသမ ၂၄ ရာခိုင်နှုန်း) အောက် လျော့နည်းခဲ့ပါတယ်။ ထို့အတူ လွန်ခဲ့တဲ့ ၂၂ ရက်အတွင်း နေ့စဉ် ကိုဗစ်-၁၉ ဗိုင်းရပ်စ်ပိုး စစ်ဆေးတွေ့ရှိသူ အရေအတွက်ဟာ ၂ ရာခိုင်နှုန်း (၁ ဒသမ ၁၀ ရာခိုင်နှုန်း) အောက်လျော့နည်းကျဆင်းခဲ့တယ်လို့ တရားဝင်စာရင်းဇယားတွေမှာ ဖော်ပြထားပါတယ်။

ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းလာသော်လည်း ကိုဗစ်-၁၉ တတိယအကျော့ကူးစက်ဖြစ်ပွားနိုင်တဲ့ အရိပ်အငွေ့တွေ သန်းလျက်ရှိပါတယ်။

### အစွမ်းကုန်ကြိုးစားရုန်းကန်ခဲ့ရ

အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ဒုတိယအကျော့ဖြစ်ပွားနေချိန်မှာ နိုင်ငံအတွင်းမှာရှိတဲ့ ဆေးရုံတွေမှာလူနာတွေ ပြည့်လျှံကျော်လွန်နေတာကို တွေ့မြင်ခဲ့ရပါတယ်။ ကျန်းမာရေးအာဏာပိုင်တွေဟာ အောက်ဆီဂျင်ရရှိရေးနဲ့ အသက်ကယ်ဆေးဝါးတွေရရှိရေး အစွမ်းကုန်ကြိုးစားရုန်းကန်ခဲ့ရပါတယ်။

> ❑ **ဆေးရုံတက်ရောက်ကုသမှုခံယူဖို့အရေး ဆေးရုံတွေရဲ့ အပြင်ဘက်မှာ လူပင်လယ်တန်းကြီးတွေနဲ့ စောင့်ဆိုင်းနေရသလို ကိုဗစ်-၁၉ လူနာတွေလည်း သေမင်းနဲ့ စစ်ခင်းနေရကာ နောက်ဆုံးထွက်သက်ကို မနည်းရှုရှိုက်နေရတဲ့ အနေအထားတွေနဲ့ ကြုံတွေ့ခဲ့ရပြီး အလောင်းတွေကို အိတ်တွေစွပ်ပြီးမီးရှို့ဖို့တောင် အနိုင်နိုင်ဖြစ်ခဲ့ရသလို ရေပေါ်မှာပေါလောပေါ်နေတဲ့အလောင်းတွေက အကျည်းတန်ရုပ်ဆိုးမှုတွေ ဖြစ်ခဲ့ရ**

ဆေးရုံတက်ရောက်ကုသမှုခံယူဖို့အရေး ဆေးရုံတွေရဲ့ အပြင်ဘက်မှာ လူပင်လယ်တန်းကြီးတွေနဲ့ စောင့်ဆိုင်းနေရသလို ကိုဗစ်-၁၉ လူနာတွေလည်း သေမင်းနဲ့စစ်ခင်းနေရကာ နောက်ဆုံးထွက်သက်ကို မနည်းရှုရှိုက်နေရတဲ့ အနေအထားတွေနဲ့ ကြုံတွေ့ခဲ့ရပြီး အလောင်းတွေကို အိတ်တွေစွပ်ပြီးမီးရှို့ဖို့တောင် အနိုင်နိုင်ဖြစ်ခဲ့ရသလို ရေပေါ်မှာ ပေါလောပေါ်နေတဲ့ အလောင်းတွေက အကျည်းတန်ရုပ်ဆိုးမှုတွေ ဖြစ်ခဲ့ရပါတယ်။

### သမိုင်းမှတ်တိုင်စိုက်ထူခဲ့

လွန်ခဲ့တဲ့သီတင်းပတ်က အိန္ဒိယဟာ သူ့ရဲ့ပြည်သူတွေကို ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်ဘီလီယံထိုးပေးခဲ့ပြီး သမိုင်းမှတ်တိုင်စိုက်ထူခဲ့ပါတယ်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးအစီအစဉ်ကို အိန္ဒိယနိုင်ငံမှာ ဒီနှစ် ဇန်နဝါရီ ၁၆ ရက်က စတင်ခဲ့ပါတယ်။ သို့သော်လည်း ယခုအချိန်အထိ နိုင်ငံတွင်းမှာရှိတဲ့ အရွက်ရောက်လူဦးရေရဲ့ ၂၂ ရာခိုင်နှုန်းကျော်ပဲ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးနှံမှု ခံယူရပါသေးတယ်။

Our World in Data ကဲ့သို့ လွတ်လပ်တဲ့သတင်းအရင်းအမြစ်တွေက ရရှိခဲ့တဲ့ အချက်အလက်တွေအရ လူဦးရေ ၃၀၄ သန်းကျော်ပဲ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးရသေးတယ်လို့ သိရပြီး ဒါဟာ အိန္ဒိယနိုင်ငံမှာရှိတဲ့ လူဦးရေရဲ့ ၂၂ ဒသမ ၁ ရာခိုင်နှုန်းကျော်ပဲ ရှိပါသေးတယ်။

### လူဦးရေရဲ့ ၃၆ ရာခိုင်နှုန်းပဲ ထိုးပေးနိုင်ဦးမယ်

ဒီနှစ်ကုန်မှာ အိန္ဒိယအစိုးရဟာ အသက် ၁၈ နှစ်နှင့်အထက် သူ့ရဲ့ပြည်သူတစ်ရပ်လုံးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးဖို့ ရည်မှန်းထားပါတယ်။

သို့သော်လည်း ဒီနှစ်ကုန်မှာ အိန္ဒိယလူဦးရေရဲ့ ၃၆ ရာခိုင်နှုန်းပဲ ကိုဗစ်-၁၉ ကာကွယ်ဆေးအပြည့်အဝထိုးပြီးဖြစ်မယ်လို့ ကျွမ်းကျင်သူတွေက ပြောထားပါတယ်။

### ကိုဗစ်-၁၉ အဆုံးမသတ်သေး

ကျန်းမာရေးကျွမ်းကျင်သူတွေက ပြည်သူတွေကို ပွဲတော်ရာသီမှာ လူထုစုဝေးခြင်းတွေမလုပ်ဘဲ ရှောင်ရှားဖို့ သတိပေးထားပါတယ်။ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းလာတာက ကိုဗစ်-၁၉ ကပ်ရောဂါ အဆုံးသတ်သွားတာ မဟုတ်ဘူးဆိုတဲ့အချက်ကို ကျွမ်းကျင်သူတွေက လက်ခံထားပါတယ်။

အရွယ်ရောက်သူတွေကို ကာကွယ်ဆေး လွှမ်းခြုံထိုးပေးထားတဲ့အတွက် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုမှ အတန်ငယ်လျှော့ချနိုင်လာပါတယ်။ ဒါပေမယ့် ကာကွယ်ဆေးမထိုးရသေးတဲ့ ကလေးတွေကတော့ အဓိက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားရာ ဗဟိုချက်နေရာဖြစ်လာနိုင်တယ်လို့ ကျန်းမာရေးကျွမ်းကျင်သူတွေက သုံးသပ်ပြောကြားပါတယ်။

### စိုးတထိတ်ထိတ်နဲ့ စောင့်ကြည့်ရမယ်

ကိုဗစ်-၁၉ ကျွမ်းကျင်မှုရေးရာ ကော်မတီက ဘာရတ်ဘိုင်အိုတက်ရဲ့ ကိုဗစ်-၁၉ ဆေးဖြစ်တဲ့ ကိုဗက်ဆင်းကို အသက် ၂ နှစ်မှ ၁၈ နှစ်ကြား အသက်အရွယ်အုပ်စုကို ထိုးပေးဖို့ အကြံပြုချက်ကို အိန္ဒိယက ပယ်ချခဲ့ပါတယ်။ ထို့အတူ အိန္ဒိယနိုင်ငံရဲ့ ဆေးဝါးထိန်းချုပ်ကွပ်ကဲရေးအဖွဲ့ကလည်း နောက်ဆုံးထောက်ခံချက်လည်း မပေးသေးပါဘူး။

ဒီပုံအတိုင်းဆိုရင်တော့ အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုတွေ တစ်ကျော့ပြန်ဖြစ်ပွားနိုင်တဲ့ အရိပ်အခြည်တွေတွေ့နေရပြီး ကိုဗစ်-၁၉ တတိယအကျော့ရဲ့ ခြိမ်းခြောက်မှုကိုလည်း စိုးတထိတ်ထိတ်နဲ့ စောင့်ကြည့်သွားရဦးမှာဖြစ်ပါတယ်။ ။ **ကိုးကား - ဆင်ဟွာ**

# အောက်တိုဘာ ၃၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁၆ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၂၀ ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၈၆၆၄ ဦးရှိ

(၃၀-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြင့်ဆောင်ရွက်လျက်ရှိရာ ရောဂါ ထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၂၉-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၀-၁၀-၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၈,၇၂၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၁၆) ဦး တွေ့ရှိရပါသည်။** ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၃.၈၂) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၈၄၉,၇၀၇)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲ အတည်ပြုလူနာ စုစုပေါင်း (၄၉၉,၃၂၁) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁,၃၆၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၄၆၆,၃၁၇)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ **ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၂၀) ဦး**ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၈,၆၆၄) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၃၀-၁၀-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၆၆၁)ခု | (၆၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၄)ခု | (၄)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၉၀)ခု | (၇)ဦး |
| နေပြည်တော်၊ အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင် ၁၀၀၀) | (၁၀၄)ခု | (၁၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၃၃)ခု | (၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၉၉)ခု | (၄၄)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၅,၂၅၇)ခု | (၅၇၉)ဦး |
| စုစုပေါင်း | (၁၈,၇၂၈)ခု | (၇၁၆)ဦး |

- သီတင်းကျွတ်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားလာသူများခြင်းနှင့် အချို့နေရာများတွင် လူစုလူဝေးများပြားခြင်းများရှိခဲ့ပါသည်။ ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုပြန်လည်မြင့်တက်လာမှုမရှိစေရန်နှင့် ရောဂါကူးစက်ဖြစ်ပွားမှု ဆက်လက်လျော့ကျလာစေရန်အတွက် ပြည်သူလူထုအနေဖြင့် အောက်ပါအချက်များကို တိကျစွာ လိုက်နာကြရန် ဖြစ်ပါသည်။
  - အတတ်နိုင်ဆုံး မိမိတို့၏ နေအိမ်များတွင်သာ နေထိုင်ခြင်းနှင့် လူစုလူဝေးကို တတ်နိုင်သမျှ ရှောင်ကြဉ်ခြင်း၊
  - နေအိမ်ပြင်ပသို့ သွားရောက်ရန်နှင့် လူအများစုဝေးရာသို့ သွားရောက်ရန်များရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
  - လက်ကို မကြာခဏဆေးကြောခြင်း၊
  - တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်း၊
  - အလှည့်ကျရရှိလာသည့် ကာကွယ်ဆေးထိုးနှံမှုကို အကြိမ်ပြည့် မပျက်မကွက် ခံယူခြင်း၊
  - သံသယရောဂါလက္ခဏာ တစ်စုံတစ်ရာရှိပါက မိမိဘာသာ ကုသခြင်းမျိုး မဆောင်ရွက်ဘဲ နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးဆက်သွယ်သတင်းပေးပို့၍ မိမိနှင့် အနီးကပ်ထိတွေ့သူများအား ကျန်းမာရေးဌာနက စုံစမ်းရှာဖွေဖော်ထုတ်ရာတွင် သတင်းပေးပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
  - ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ဆက်စပ်ခဲ့သူများသည်လည်း ကျန်းမာရေးဌာနသို့ သတင်းပေးပို့၍ အသွားအလာကန့်သတ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးခြင်း လုပ်ငန်းများကို ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊
- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၃၀-၁၀ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၆၇၇၁၉၇၉ | ၃၆၆၄၆၉၀၀ | ၇၆၅၇၂၂ |
| ၂။ | အိန္ဒိယ | ၃၄၂၆၀၄၇၀ | ၃၃၆၄၁၁၇၅ | ၄၅၇၇၇၃ |
| ၃။ | ဘရာဇီး | ၂၁၇၉၃၄၀၁ | ၂၀၉၈၆၉၀၁ | ၆၀၇၅၀၄ |
| ၄။ | ဗြိတိန် | ၈၉၇၉၂၃၆ | ၇၂၉၀၆၃၃ | ၁၄၀၃၉၂ |
| ၅။ | ရုရှား | ၈၄၇၂၇၉၇ | ၇၃၃၁၄၂၄ | ၂၃၇၃၈၀ |
| ၆။ | တူရကီ | ၇၉၈၅၉၄၄ | ၇၄၃၅၃၁၈ | ၇၀၂၀၇ |
| ၇။ | ပြင်သစ် | ၇၁၅၃၁၈၈ | ၆၉၃၄၈၇၁ | ၁၁၇၆၄၉ |
| ၈။ | အီရန် | ၅၉၁၆၂၁၁ | ၅၄၉၄၆၈၉ | ၁၂၆၁၂၆ |
| ၉။ | အာဂျင်တီးနား | ၅၂၈၇၄၄၇ | ၅၁၅၂၅၃၉ | ၁၁၅၉၃၅ |
| ၁၀။ | စပိန် | ၅၀၁၁၁၄၈ | ၄၈၆၄၃၁၈ | ၈၇၃၆၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၃၀- ၁၀ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၄၃၈၃၅ | ၄၀၈၈၁၃၈ | ၁၄၃၃၈၈ |
| ဖိလစ်ပိုင် | ၂၇၈၃၈၉၆ | ၂၆၉၃၁၆၂ | ၄၃၀၄၄ |
| မလေးရှား | ၂၄၆၀၈၀၉ | ၂၃၆၁၉၁၉ | ၂၈၈၃၂ |
| ထိုင်း | ၁၉၀၃၁၆၅ | ၁၇၈၃၈၇၅ | ၁၉၁၅၈ |
| ဗီယက်နမ် | ၉၁၅၆၀၃ | ၈၁၈၃၃၆ | ၂၂၀၃၀ |
| မြန်မာ | ၄၉၉၃၂၁ | ၄၆၆၃၁၇ | ၁၈၆၆၄ |
| စင်ကာပူ | ၁၉၂၀၉၉ | ၁၅၈၉၃၉ | ၃၈၀ |
| ကမ္ဘောဒီးယား | ၁၁၈၄၂၇ | ၁၁၄၅၃၄ | ၂၇၈၁ |
| လာအို | ၃၉၅၈၆ | ၃၂၈၅၂ | ၆၂ |
| ဘရူနိုင်း | ၁၃၀၆၅ | ၁၁၀၉၁ | ၈၇ |

# အိမ်မဲမြို့နယ်အတွင်း မိုးစပါးသီးနှံ ပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူများအား ပုလဲခါတ်မြေသြဇာထောက်ပံ့

**အိမ်မဲ အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရွှေပြည်တန်ခန်းမ၌ ၂၀၂၁-၂၀၂၂ မိုးစပါးသီးနှံသဘာဝဘေး ရွှေ့ခရု ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော တောင်သူများအား သွင်းအားစု ပုလဲမြေသြဇာထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အိမ်မဲမြို့နယ်အတွင်း ၂၀၂၁-၂၀၂၂ ခုနှစ် မိုးစပါးသီးနှံသဘာဝဘေး ရွှေ့ခရု ကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော တောင်သူများအား သွင်းအားစု ပုလဲမြေသြဇာ ထောက်ပံ့ပေးအပ်ရခြင်း အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၁-၂၀၂၂ ခုနှစ် မိုးစပါးသီးနှံ သဘာဝဘေး ရွှေ့ခရုကျရောက်မှုကြောင့် ပျက်စီးဆုံးရှုံးသွားသော ကျေးရွာ ၃၀ မှ တောင်သူပေါင်း ၁၈၂၅ ဦးအတွက် သွင်းအားစု ပုလဲမြေသြဇာ ၆၂၀၅ အိတ်ကို လက်ဝယ်အရောက် ထောက်ပံ့ပေးခဲ့ရာ တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**






# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၃၀**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဘာသာရေး ခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၅၅)နှစ်နှင့်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေးစခန်းများ၊ ယာယီတိုက်ပွဲရှောင် စခန်းများ အတွင်းရှိ ပြည်သူများ၊ အသက်(၁၂)နှစ်နှင့်အထက် အခြေခံပညာ အလယ်တန်းနှင့် အထက်တန်း အဆင့် ကျောင်းသား ကျောင်းသူများစသည့် ဦးတည်အုပ်စုများ သတ်မှတ်၍ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေး ဝန်ထမ်းများနှင့် စေတနာ့ ဝန်ထမ်းများက ကာကွယ် ဆေးထိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်၌ ဒေသခံပြည်သူ ၃၉၉၁ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်နှင့် မိုင်းပျဉ်းမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၈၀၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ် အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ ဒေသခံပြည်သူ ၉၂၂၅ ဦး၊ တနင်္သာရီတိုင်း ဒေသကြီး ခမောက်ကြီး မြို့နယ်နှင့် ပလောက်မြို့နယ်တို့၌ ဒေသခံပြည်သူ ၁၀၆၀၊ ရန်ကုန်တိုင်း ဒေသကြီး လှိုင်မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၉၀၊ ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ ဒေသခံ ပြည်သူ ၁၇၆၆၈ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၃၅၉၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်၌ ဒေသခံပြည်သူ ၁၄၆ ဦး၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင်ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၁၁၆၂၀နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ ဒေသခံပြည်သူ ၂၅၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အတူ အခြေခံပညာ ကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းများ ဖွင့်လှစ်စဉ် ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်နှံ့မှု မရှိစေရေးနှင့် ကာကွယ်ဆေး လွှမ်းခြုံမှု အလျင်အမြန်ရရှိစေရေးတို့အတွက် ကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၂၅၄၂ ဦးနှင့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ကျောင်းသား ကျောင်းသူ ၈၄၃၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၊ မိုင်းခတ်မြို့၊ မိုင်းယန်းမြို့နှင့် မိုင်းပျဉ်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၊ ပုလောမြို့နယ်၊ မြိတ်မြို့နယ်နှင့် ကျွန်းစုမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် အမ်းမြို့၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်း မြို့များ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၊ အုတ်တွင်းမြို့၊ ကျောက်ကြီးမြို့၊ နတ်သံကွင်းမြို့၊ ဝေါမြို့၊ အုတ်ဖိုမြို့နှင့် ပေါင်းတည်မြို့တို့ရှိ အခြေခံပညာကျောင်းများနှင့် ပြည်သူ့ဆေးရုံများ၏ သန့်ရှင်းသာယာလှပရေးအတွက် ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဆရာ ဆရာမများက ကျောင်းများနှင့် ဆေးရုံများရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းနှင့် ခြင်ခိုအောင်း နိုင်သောနေရာများ၌ ခြင်ဆေးဖျန်း ခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။**(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**



# ရသေ့တောင်မြို့နယ်၌ အခြေခံပညာကျောင်းများအား ကိုဗစ်-၁၉ ရောဂါစည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်သွားမည်

**ရသေ့တောင် အောက်တိုဘာ ၃၀**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်၌ အခြေခံပညာ ကျောင်းများအား ကိုဗစ်-၁၉ ရောဂါစည်းကမ်းချက်များနှင့်အညီ နိုဝင်ဘာ ၁ ရက်မှစ၍ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

" ကျွန်တော်တို့အနေနဲ့ မြို့နယ်အတွင်းမှာရှိတဲ့ အခြေခံပညာကျောင်းများအား နိုဝင်ဘာ ၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအုပ်ဆရာကြီးတွေကို အသိပေးညွှန်ကြားထားပြီးဖြစ်ပါတယ်။ ဆရာ ဆရာမတွေကိုလည်း မိမိတို့တာဝန်ထမ်းဆောင်နေတဲ့ ကျောင်းများသို့ အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား သွားရောက်ဖို့လည်း ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ အခြေခံပညာကျောင်းတွေ ပြန်ဖွင့်တဲ့အခါမှာလည်း ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုမရှိစေရေးနဲ့ ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်များနဲ့အညီ ဖွင့်လှစ်သွားမှာ ဖြစ်ပါတယ်" ဟု မြို့နယ်ပညာရေးမှူး ဦးဦးထွန်းရွှေက ပြောသည်။

ရသေ့တောင်မြို့နယ်အတွင်းရှိ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် အခြေခံပညာကျောင်း ၁၉၄ကျောင်းရှိသည့်အနက် ၁၇၄ ကျောင်းတို့ကို ဖွင့်လှစ်မည်ဖြစ်ပြီး အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူစုစုပေါင်း ၂၇၅၉၁ ဦးနှင့် ဆရာ ဆရာမ ၁၅၉၀ရှိပြီး ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားနေမှုကြောင့် အခြေခံပညာကျောင်းများကို ဇူလိုင် ၉ ရက်မှစ၍ ယာယီပိတ်ထားခဲ့ရာမှ ယခုအခါ ကိုဗစ်-၁၉ ရောဂါကူးစက်မှု လျော့နည်းလာသည့်အတွက် နိုဝင်ဘာ ၁ ရက် မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အောင်စံထွန်း (ပြန်/ဆက်)**

# ရုရှားရေတပ်မှ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် စစ်ရေယာဉ် ပြန်လည်ထွက်ခွာ



**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလာရောက်သည့် ရုရှားရေတပ် ပစိဖိတ်စစ်ရေယာဉ်စု Russian Pacific Fleet မှ Captain Andrey Kuznetsov ဦးဆောင်သော စစ်ရေယာဉ် Gremyashiy သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ စစ်ရေယာဉ်တွင် အဖွဲ့ခေါင်းဆောင်ဖြစ်သူ Captain Andrey Kuznetsov ဦးစီး၍ အရာရှိ၊ စစ်သည် စုစုပေါင်း ၁၁၅ ဦး လိုက်ပါလာပြီး မြန်မာနိုင်ငံတွင် အောက်တိုဘာ ၂၈ ရက်မှ ယနေ့အထိ သုံးရက်ကြာ နေထိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဇန်းမော်မြို့နယ်အတွင်း မိုးစပါးသီးနှံစိုက်ကေများ ရေကြီးနစ်မြုပ်ပျက်စီးဆုံးရှုံးခဲ့သောတောင်သူများသို့ ယူရီးယားဓာတ်မြေဩဇာအိတ်များ ထောက်ပံ့



**ဇန်းမော် အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် ဇန်းမော်မြို့နယ်အတွင်း ကျေးရွာ၁၇ရွာမှ မိုးစပါးသီးနှံ စိုက်ကေများ ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သော တောင်သူများအား ယူရီးယားဓာတ်မြေဩဇာအိတ်များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဆွေက အမှာစကားပြောကြားကာ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်မြင့်က မိုးရာသီကာလအတွင်း မိုးများအဆက်မပြတ် ရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေနှင့် တာပိန်မြစ်ရေတို့မှ မြစ်ရေမြင့်တက်မှုများရှိခဲ့သည့်အတွက် မိုးစပါးသီးနှံစိုက်ကေများ ရေကြီးနစ်မြုပ်ခဲ့၍ ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့သော စိုက်ကေများအတွက် ထောက်ပံ့ပေးအပ်ခြင်း ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သောမိုးစပါးသီးနှံစိုက်ကေ တောင်သူ ၈၈၄ဦး၊ မိုးစပါး သီးနှံစိုက်ကေပေါင်း ၂၃၉၉ ဧက၊ ပြန်စိုက်ဧရိယာကေ၀၆ဒ ဧက၊ တောင်သူပေါင်း ၁၀၁ ဦးတို့အား တစ်ဧကတစ်အိတ်နှုန်းဖြင့် ယူရီးယားဓာတ်မြေဩဇာအိတ် ၉၆၁ အိတ်ကို ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်လယ်/စီအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ် လယ် / စီ အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်၊ ကျေး လယ်/ စီအဖွဲ့ဝင်များက ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**ခရိုင်( ပြန်/ဆက်)**

## ကသာမြို့ ကျန်တော(ပြည်သာယာ)တံတား ပြုပြင်ထိန်းသိမ်းပြင်ဆင်နိုင်ခဲ့ပြီး ဖြတ်သန်းသွားလာခွင့်ပြုလိုက်ပြီ

**ကသာ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ ကျန်တော (ပြည်သာယာ)တံတားကို ပြုပြင်ထိန်းသိမ်း ပြင်ဆင်နိုင်ခဲ့ပြီးဖြစ်၍ တံတားသို့ တာဝန်ရှိသူများမှ လာရောက်စစ်ဆေးကာ အောက်တိုဘာ၂၉ရက် နံနက် ၉ နာရီက ဖြတ်သန်းသွားလာခွင့်ပြုလိုက်ပြီ ဖြစ်ကြောင်း သိရသည်။

တံတားအရှည်ပေ ၂၁၀ ရှိ ယခုမြို့ပတ် သစ်သားတံတားကို ယိုယွင်းလာသည့်အခါတိုင်း ကသာမြို့ရှိ ပဆငကျေးလက်(လမ်း) အထွေထွေအုပ်ချုပ်ရေး နတလ စည်ပင်ဌာနပေါင်းစုံပူးပေါင်း ပြင်ဆင်ပြုပြင်ပေးပြီး ယခုတစ်ကြိမ် နှစ်ပိုင်းခွဲ၍ ပြုပြင်ပြင်ဆင် ထိန်းသိမ်းလာခဲ့ကာ လက်ရန်းတန်းများကိုလည်း ဆေးအဖြူသုတ်၍ ခိုင်ခံ့လှပစွာပြင်ဆင်ရေးကို ကော်မတီများက ဆောင်ရွက်ပေးကြသည်။

တံတားကြီး၏ ခံနိုင်ဝန်အားမှာ ယာဉ်အပါအဝင် ရှစ်တန်သာ ခံနိုင်ရည်ရှိသဖြင့် တန်ပိုယာဉ်ကြီးများကို လမ်းလွှဲမှသာ မောင်းနှင်ပေးကြပါရန် မေတ္တာရပ်ခံသည့် အသိပေးဆိုင်းဘုတ် (ဗီနိုင်း)ကို တံတားတစ်ဖက်တစ်ချက်၌ တပ်ဆင်ပေးထားခဲ့ကြောင်း သိရသည်။

**ခင်မောင်ဆွေ (မော်လူး)**



ကသာမြို့ ကျန်တော(ပြည်သာယာ)တံတားကို တွေ့ရစဉ်။

### စားသုံးဆီကိုတတ်နိုင်သမျှ လျှော့စားဖို့ဘာကြောင့်လိုအပ်တာလဲ?

- စားသုံးဆီများတွင် အခြေခံအားဖြင့် **ကျန်းမာရေးအရသင့်တင့်စွာစားသုံးနိုင်သည့်မပြည့်ဝဆီများ (Unsaturated Fats)၊ တတ်နိုင်သမျှလျှော့၍စားသုံးသင့်သည့်ပြည့်ဝဆီများ(Saturated Fats)နှင့် လုံးဝမစားသုံးသင့်သောအသွင်ပြောင်းဆီများ(Trans Fats)** ဟူ၍ (၃)မျိုးရှိပါသည်။
- **မပြည့်ဝဆီသင့်တင့်စွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွက်ကောင်းမွန်သော သွေးတွင်းအဆီဓါတ်(HDL) တို့ကိုမြင့်တက်စေပြီး မကောင်းသောအဆီဓါတ်(LDL)တို့အားလျှော့ချပေးခြင်းဖြင့်** နှလုံးရောဂါနှင့်အမျိုးအစား(၂)ဆီးချိုရောဂါစသည့် **မကူးစက်နိုင်သည့်ရောဂါများဖြစ်ပွားနိုင်ခြေကိုလျှော့နည်းစေပါသည်**။(ဥပမာ- မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ ငါးမှရသော အဆီများ)
- **ပြည့်ဝဆီစားသုံးခြင်း**ကြောင့် **မကောင်းသောသွေးတွင်းအဆီဓာတ် (LDL)များ လွန်ကဲစွာမြင့်တက်စေ၍ အဝလွန်ခြင်း၊ အသည်းအဆီဖုံးခြင်း၊** သွေးကြောနံရံတွင်အဆီများကပ်ခဲ၍သွေးကြောများကျဉ်းကာ **နှလုံးသွေးကြောပိတ်ရောဂါနှင့်လေဖြတ်ခြင်း**တို့ကိုဖြစ်စေနိုင်ပါသည်။ (ဥပမာ-စားအုန်းဆီ၊ ဆီကြော်အစားအစာများ၊ တိရိစ္ဆာန်မှရသောအဆီများ)
- **အသွင်ပြောင်းဆီ**သည်အစားအသောက်များပိုမိုတာရှည်ခံ၍အရသာရှိစေရန် ပုံမှန်အသုံးပြုသောဆီတွင် ဟိုက်ဒရိုဂျင်ဓာတ်ထည့်ပေါင်းထားသောဆီဖြစ်ပြီး **ပြည့်ဝဆီစားသုံးခြင်း၏ဆိုးကျိုးများအပြင်သွေးတွင်းဆီ (Triglycerides)များကိုပိုမို၍တက်စေခြင်း၊ ကောင်းမွန်သောသွေးတွင်းအဆီဓါတ်(HDL)ကို ကျစေခြင်းနှင့် ခန္ဓာကိုယ်တွင်းရောင်ရမ်းမှုများဖြစ်စေခြင်း**ကြောင့်အထက်ဖော်ပြပါရောဂါများအပြင် **အမျိုးအစား(၂)ဆီးချိုရောဂါကိုပါပို၍ဖြစ်ပွားစေနိုင်ပြီးနောက်ဆက်တွဲဆိုးကျိုးများစွာခံစားရနိုင်ပါသည်။** (ဥပမာ- အသင့်စားအစားအစာများဖြစ်သည့်အာလူးကြော်၊ ကြက်ကြော်၊ ကိတ်မုန့်ပေါင်မုန့် စသည်တို့တွင်ပါဝင်သည့်ဆီ၊)

**ပြည့်ဝဆီများကိုတတ်နိုင်သမျှလျှော့စား၍**
**အသွင်ပြောင်းဆီများစားသုံးခြင်းကိုလုံးဝရှောင်ကြဉ်ရမည်ဖြစ်ပါသည်။**



မပြည့်ဝဆီ




ပြည့်ဝဆီ



အသွင်ပြောင်းဆီ

ရည်ညွှန်းကိုးကား-(၁) WHO. Healthy diet fact sheets. (accessed as of 10.6.2020)
(၂) MAYO CLINIC. Dietary fats: Know which types to choose. (accessed as of 10.6.2020)

# တိုင်းဒေသကြီး/ပြည်နယ်များရှိ သတ်မှတ်အရောင်းဆိုင်များတွင် သက်သာသောဈေးနှုန်းဖြင့် စက်သုံးဆီဖြန့်ဖြူးရောင်းချပေး

*ယမန်နေ့မှအဆက်*

## ရန်ကုန်တိုင်းဒေသကြီးတွင် အထူးဈေးနှုန်းဖြင့် ရောင်းချလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များစာရင်း

| စဉ် | အရောင်းဆိုင်အမည် | အမျိုးအစား | | | အရောင်းဆိုင်လိပ်စာ |
|---|---|---|---|---|---|
| | | 92 Ron | ဒီဇယ် | Premium ဒီဇယ် | |
| ၃၂ | 360° Petro (Thingankyun, Laydaungkan) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ် |
| ၃၃ | 360° Petro (Ayarwon, Tharkayta) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ဧရာဝံလမ်း၊ သာကေတမြို့နယ် |
| ၃၄ | 360° Petro (Bomhuebahtoo, North Dagon) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ဗိုလ်ဗထူးလမ်း၊ မြောက်ဒဂုံမြို့နယ် |
| ၃၅ | MMHK – TW | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ဘုရားကုန်းကျေးရွာအုပ်စု သန်လျင်မြို့နယ်၊ အရှေ့ပိုင်းတက္ကသိုလ်အနီး (တာ၀) |
| ၃၆ | Nilar Yoma – TP | ၁,၃၇၇ | | | ၁၆၂ သိမ်ဖြူလမ်း (၉) ရပ်ကွက် ဗိုလ်တထောင်မြို့နယ် |
| ၃၇ | Asia Energy – လှိုင်သာယာ ပန့်ဆိုင် (ရန်ကုန်) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | တံတားဖြူမှတ်တိုင်၊ အမှတ် (၈) ရပ်ကွက်၊ ဦးပုညလမ်းနှင့် မကွေးလမ်းထောင့်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၃၈ | Star High – Satsan | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၁၁) အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၃၉ | Denko (တောင်ဒဂုံ) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ် ၁ ( က–B )၊ ၁၄၂ ရပ်ကွက်၊ အမှတ် ၂ လမ်းမကြီးနှင့် ကျန်စစ်သားလမ်းထောင့်၊ တောင်ဒဂုံမြို့နယ် ၊ ရန်ကုန်မြို့ ။ |
| ၄၀ | Denko (ကုန်းတလပေါင် ) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ် ၃ လမ်းမကြီး၊ ကုန်းတလပေါင် ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၄၁ | Denko (ဒဂုံဆိပ်ကမ်း ) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ်(၁၈၃၀)၊ ၆၀ ရပ်ကွက်၊ ပဲခူးမြစ်လမ်းနှင့် အဝေရာလမ်းထောင့်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၂ | Denko (မြောက်ဥက္ကလာပ) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ် (ဃ/၁၆ H)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာအဝိုင်းအနီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဆိုင်အမှတ် (၀၂၄၃) |
| ၄၃ | Denko (သန်လျင် ၂) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ် ၆၇၁၊ ကျောင်းကန်အရှေ့ကွင်း၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ကျိုက်ခေါက်ဘုရားလမ်း သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၄ | Denko (မြောက်ဒဂုံ–၂) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ် (၃/စ) ၊ ပြည်ထောင်စုလမ်း၊ ၂၇ ရပ်ကွက်၊ တောင်/မြောက် လမ်းဆုံအနီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၅ | Denko (အောင်ဆန်း) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | စဉ့်ငူရပ်ကွက်၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၄၆ | Denko (ရွှေပြည်သာ) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ် (၄၂/ ၃၀၅)၊ အမှတ် ၄ လမ်းမကြီး၊ စက်မှုဇုန် (၁)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၄၇ | Denko (လှိုင်သာယာ–၁) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ် (၅၈၈) ၇ ရပ်ကွက်၊ မီးခွက်ဈေး အောက်ထိပ်အနီး ရန်ကုန်–ပုသိမ်လမ်းမကြီး လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၈ | Denko (လှိုင်သာယာ ၃) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ် (၃/၄၉)အလယ်ရွာ ကျေးရွာအုပ်စု၊ ခရေပင် လမ်းမကြီး၊လှိုင်သာယာမြို့နယ်၊ မြောက်ပိုင်းခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၄၉ | Denko (အင်းစိန်) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | BOC ကွေ့၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၅၀ | Denko (မြောက်ဒဂုံ–၁) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ် (၅၄၂ / ၅၄၃)၊ ဗိုလ်မှူးဗထူးလမ်း၊ နာရေးကူညီမှုအသင်း (ရန်ကုန်)ဘေး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၁ | Denko (လှည်းကူး) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | ကျွန်းကလေးကျေးရွာ၊ တန်(၁၀၀)ဆန်စက်ဝင်းအနီး၊ လှည်းကူးမြို့နယ်၊ ရန်ကုန်မြို့။ |
| ၅၂ | Denko (သန်လျင် ၁) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ် (၁၇)၊ ကွင်းအမှတ် (၇)၊ ကျိုက်ခေါက်ဘုရားလမ်း၊ သောက်တော်တွင်းရပ်ကွက်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၃ | Denko (ထန်းတပင်) | ၁,၃၆၂ | ၁,၃၃၄ | ၁,၃၄၁ | အမှတ် (၈/၄)၊ အမှတ် (၅)လမ်းမ (ရန်ကုန်–ပုသိမ် )လမ်းမကြီး၊ အစုကြီးကျေးရွာအုပ်စု၊ မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| ၅၄ | PT Power (မြယမုံ) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | အမှတ်(၂၆)ရပ်ကွက်၊ ပင်လုံလမ်းမကြီး |
| ၅၅ | Yangon Petrol (သာကေတ) | | ၁,၃၄၉ | ၁,၃၅၆ | ရတနာလမ်းမပေါ်၊ တက်လမ်း အိမ်ရာအနီး၊ ၁၀ တောင်ရပ်ကွက် |
| ၅၆ | Yangon Petrol (ယုဇန) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ပဲခူးမြစ်လမ်းမပေါ်၊ အိုးအိမ်မှတ်တိုင်အနီး၊ ၉၂ ရပ်ကွက် |
| ၅၇ | Yangon Petrol (တောင်–မြောက်လမ်းဆုံ) | | ၁,၃၄၉ | ၁,၃၅၆ | မြေတိုင်းရပ်ကွက်အမှတ်–၂၇/၉၊ လူနေ/ရပ်ကွက်အမှတ်– ရွှေပင်လုံအိမ်ရာ၊ (တောင်/မြောက်လမ်းဆုံ) |
| ၅၈ | Yangon Petrol (ရေဝဏ်) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | ပဲခူးမြစ်လမ်းနှင့် ရေဝဏ်လမ်းမကြီးထောင့်၊ ရေဝဏ်လမ်းမကြီး၊ ၆၀ ရပ်ကွက် |
| ၅၉ | Yangon Petrol (မင်းရဲကျော်စွာ) | ၁,၃၇၇ | ၁,၃၄၉ | ၁,၃၅၆ | မင်းရဲကျော်စွာလမ်းနှင့် ကနောင်မင်းသားကြီး လမ်းထောင့် ( YBS ကားဝင်း အနီး) |
| ၆၀ | Yangon Petrol (သုဓမ္မာ) | | ၁,၃၄၉ | ၁,၃၅၆ | သုဓမ္မာလမ်းမကြီး၊ မြောက်ဥက္ကလာပ အဝိုင်းအနီး၊ စက်မှုလက်မှုရပ်ကွက် |

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၁-၁၀-၂၀၂၁ တနင်္ဂနွေနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ ဓမ္မစကြာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** အလည်တစ်ခေါက်ရောက်ခဲ့ပါပြီ ငါးမည်ရတဲ့ အညာယဉ်ကျေးမှုမြို့ဆီ
**၀၉:၁၀** တရုတ်ကာတွန်း '**မိုးကောင်းကြီး ဉယျာဉ်စွန့်တားခန်း**' (အပိုင်း-၁၈)
**၁၀:၁၅** '**မြူးကြွလှပ ရောင်စုံည**' ဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်
**၁၁:၄၅** အသိပညာနှင့်အမှန်တရား '**လူမိုက်တို့ကိုဝေးဝေးရှောင်ခြင်းသည် မင်္ဂလာမည်၏**'
**၁၃:၃၀** MRTV National News
**၁၄:၄၅** မြန်မာ့ဂန္ထဝင်ရုပ်ရှင် '**ကျွန်တော့မျက်နှာနှင့်လူ**' (ညွန့်ဝင်း၊ ဆွေဇင်ထိုက်)
**၁၆:၃၅** မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး
**၁၇:၁၀** စိမ်းလန်းစိုပြေ ကျောင်းဝင်းမြေ
**၁၇:၃၅** အခြေခံပညာကျောင်းများဖွင့်လှစ်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ချက်များ
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၅** သုတဝေဖြာ သီရိဂေဟာ
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အမှန်တရားရဲ့လျှို့ဝှက်ချက်**' (အပိုင်း-၃၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း '**အစွဲတွေပြတ်စို့**'
**၂၁:၁၅** ဘဝနှင့်အနုပညာ

**သောကြာနေ့ ညတိုင်းတွင် ဂေးဂီတဖျော်ဖြေပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်**

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

**07:01** News
**07:26** Global Partnership for Brighter Future: Gambia Pavilion at Expo 2020 Dubai
**07:33** Mularsheedi we love!
**07:43** Inn Yaung Village's Tazaungdine Night
**07:53** Myanmar Snacks and Nutrition Value: Kauk Hnyin Pyan Paung
**08:01** Life of A FarmerDances of Myanmar: Tai Khun or Gon Traditional Dance
**08:05** Today Myanmar
**08:23** Pyin Oo Lwin Sweater
**08:31** Ecotourism: Historic Pagodas and Intresting Places in Sagaing and Monywa Tourism Zone
**08:48** Kay Tu Mar Lar "The Family"
**09:01** Annually Held Hot-Air Balloon Releasing Festival
**09:12** Natural Lake: Fish Breeding Business
**09:25** A Pilgrimage To Prominent Pagodas In Pakokku
**09:37** Sayit-Wyne Girls

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားမြေမှလန်းဆန်းသောပန်းကလေးများ
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၀)
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ ကျောက်ပုထိုးစေတီတော်
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကျွန်တော်တို့ရွာ
**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မျောက်ငိုသီး
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
အလှပန်းစုံညီချင်းတောင်ဆီ
**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
တင်ဆာရောဂါအကြောင်းသိကောင်းစရာ
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ရှေ့တံခါးမြို့သို့အလည်တစ်ခေါက်
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရိုးရာခေါက်စီး(ခေါ်)ရှမ်းထမင်းသုပ်
**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လှည့်စိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၃)
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
စီးပွားဖြစ်တဲ့ငှက်ပျောခင်း

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၁)
**၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ကာကွယ်ခုခံပိုင်ခွင့်ရှိသော အပိုင်းအခြား**'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၁)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေမှအပ နံနက် (၁၀:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# ဆေးထိုးရန်ကျန်ရှိနေသော ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေး

**ကျောင်းကုန်း အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ယနေ့ နံနက် ၈ နာရီတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး SINOVAC (ပထမအကြိမ်) ဆက်လက် ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**




အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးရာသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်း၊ အတွင်းရေးမှူး ရဲမှူး ဝင်းရွှေ၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး နေဝင်းနောင်၊ အဖွဲ့ဝင်(၂) ဦးတင်မောင်၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်တို့ ကြည့်ရှုအားပေးပြီး စာရင်းသွင်းခြင်း၊ အပူချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ကာကွယ်ဆေးထိုးခြင်းတို့တွင် အဆင်ပြေချောမွေ့စေရေး မှာကြားသည်။

ယနေ့တွင် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ မိုးပြာအရှေ့ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ)၊အောက်ပိုင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ တလုပ်ကုန်း အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)၊ မူလွန် စစ်ကိုင်းဒေါင့်နှင့် မူလွန် ပဲခူးစုကျောင်းများမှ ဆေးထိုးရန်ကျန်ရှိနေသော ကျောင်းသား ကျောင်းသူများကို ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၁၀ - ၂၀၂၁

| ရွှေ | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၈၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၇၉၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၈၉၄၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၃၂၀/၁၃၄၅ ကျပ် | ၁၃၆၀/၁၃၉၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၃၃၀/၁၃၅၅ ကျပ် | ၁၃၇၅/၁၄၀၀ ကျပ် |
| အောက်တိန်း ၉၂ | ၁၃၇၀/၁၄၂၀ ကျပ် | ၁၄၀၇/၁၄၉၅ ကျပ် |
| အောက်တိန်း ၉၅ | ၁၄၅၀/၁၄၉၀ ကျပ် | ၁၅၅၅/၁၅၇၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံတကာ ငွေကြေးများ | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၇၁ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၆၂ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၁၅ . ၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၃၃၅ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၅၆ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၇ . ၄၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၆ . ၈၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၆၅၂ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၇၃၁ | ၁၅၂၅၅၉၀၀ |
| MTSH | ၃၃၀၀ | ၃၂၀၀ | ၃၀၁၄ | ၉၆၈၆၂၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၄၀၄ | ၁၀၉၀၈၀၀ |
| EFR | ၂၉၅၀ | ၂၉၅၀ | ၃၀ | ၈၈၅၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့

စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်-၄၀**၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

ဗုဒ္ဓ အဆုံးအမဖြင့် အောင်မြင်ခြင်း

# အပ္ပမာဒေါစဓမ္မေသု

## ကုသိုလ်တရားကို မမေ့လျော့ခြင်းသည် မင်္ဂလာမည်၏။

ကျော်ကျော်လှိုင်

> ❖ “ဂရုဓမ္မ”ဇာတ်တော်ကို နာကြားရသည့်အခါ ကာလိင်္ဂမင်းသည် ငါးပါးသီလတည်းဟူသော ကုသိုလ်တရားကို မမေ့မလျော့ စောင့်ထိန်းခဲ့သဖြင့် ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံဖြစ်လာသည်ကို မှတ်သားရပါသည်။ ဂရုဓမ္မဇာတ်တော်တွင် အကုသိုလ်တစ်ခုကို စိတ်ဖြင့် ကြံစည် လုပ်ဆောင်လျှင် ပိုမိုအပြစ်ကြီးကြောင်း၊ တစ်ဖက်သားကို ထိခိုက်စေလိုသည့် စေတနာမပါလျှင် တစ်ခါတစ်ရံ အပြစ်လွတ်ကြောင်းကိုလည်း သိရှိရပါသည်

*အောက်တိုဘာ ၂၄ ရက်မှအဆက်*

### မယ်တော်

မယ်တော်သည် မိမိထံသို့ ရောက်လာကြသော တမန်များအား “မိမိသည် “ကုရုဓမ္မ”ကို စောင့်ထိန်းသည်မှာ မှန်ကန်ပါသည်။ သို့ရာတွင် တစ်ခါက သားတော်မင်းကြီး ပူဇော်ကန်တော့ခဲ့သည့် စန္ဒကူးနံ့သာနှစ်နှင့် ရွှေပန်းခိုင်တစ်ခုရှိခဲ့ရာ တန်ဖိုးများသည့် စန္ဒကူးနံ့သာနှစ်ကို သားငယ်ဖြစ်သူ အိမ်ရှေ့မင်း၏ မိဖုရားအားပေးကမ်း၍ တန်ဖိုးနည်းသည့် ရွှေပန်းခိုင်ကိုမူ သားကြီးဖြစ်သူ မင်းကြီး၏ မိဖုရားကြီးအား ပေးကမ်းခဲ့မိသည်။ အမှန်စင်စစ်တွင်မူ တန်ဖိုးများသည့် ပစ္စည်းသည် ကြီးကဲသူအတွက်သာ ဖြစ်သင့်ပါသည်။ ထို့ကြောင့် ဤကိစ္စတွင် ပေးကမ်းချီးမြှင့်မှု လွဲမှားခဲ့ရသဖြင့် မိမိ၏ သီလ ပျက်ခဲ့လေသလောဟု ကုက္ကုစ္စ သံသယ ဖြစ်နေမိသည်” ဟု ပြောပြလေရာ တမန်များက “မိမိပိုင်ဥစ္စာပစ္စည်းများကို မိမိသဘောကျ ခွဲဝေပေးခြင်းသည် အပြစ်မရှိပါ၊ သီလမပျက်ပါ” ဟု ပြောဆို၍ မယ်တော်ထံမှလည်း “ကုရုဓမ္မ” ကို ရေးကူးယူခဲ့ကြသည်။ ထို့နောက် မယ်တော်၏ ညွှန်ကြားချက်အရ မိဖုရားထံသို့ လာခဲ့ကြသည်။

### မိဖုရားကြီး

မိဖုရားကြီးကလည်း “မိမိသည် တစ်ခါက မတ်တော်ဖြစ်သူ အိမ်ရှေ့မင်းအား ကိလေသာစိတ်ဖြင့် ကြည့်မိခဲ့ပါသည်။ ထို့ကြောင့် မိမိ၏ သီလပျက်ခဲ့ရသည်ဟု ထင်ပါသည်” ဟု ပြောရာ တမန်များက “အရှင်မ၊ စိတ်ကူးရုံမျှဖြင့် လွန်ကျူးမှု မဖြစ်ပါ၊ “ကုရုဓမ္မ” ကိုသာ ပေးတော်မူပါလော့” ဟု ဆို၍ မိဖုရားကြီးထံမှလည်း ရေးကူးယူကြပြန်သည်။ ထို့နောက် မိဖုရားကြီး ညွှန်ကြားလိုက်သော အိမ်ရှေ့မင်းထံသို့ ဆက်၍လာခဲ့ကြပြန်သည်။

### အိမ်ရှေ့မင်း

အိမ်ရှေ့မင်းသည်လည်း “တစ်ရံသောအခါက မိမိ၏ အခြွေအရံများသည် မိမိကြောင့် တစ်ညလုံး မိုးရေပြင်ထဲ၌ ဆင်းရဲပင်ပန်းကြီးစွာ နေခဲ့ကြရသည်။ ထိုအကြောင်းကြောင့် မိမိသီလကျိုးပေါက်ခဲ့ရသည်ဟု မှတ်ယူထားပါသည်” ဟု တမန်များအား ပြောပြရာ “အရှင်မင်းသားတွင် သူတို့အား ပင်ပန်းစေလိုသော စေတနာမရှိ၍ ကံမမြောက်ပါ” ဟု ဆို၍ “ကုရုဓမ္မ” ကို ရေးကူးယူကြပြန်သည်။ ထို့နောက် အိမ်ရှေ့မင်းညွှန်ကြားလိုက်သော ပုရောဟိတ်အမတ်ကြီးထံသို့ ရောက်ခဲ့ကြရပြန်သည်။

### ပုရောဟိတ် အမတ်ကြီး

ပုရောဟိတ် အမတ်ကြီးသည်လည်း “မိမိသည် တစ်ချိန်သောအခါက ဓနဉ္စယကောရဗျမင်းအား တိုင်းခြားမင်းတစ်ပါးက ဆက်သလာသော ရထားသစ်တစ်စီးကို လိုချင်သော လောဘစိတ်ဖြစ်ပေါ်မိခဲ့၍ မိမိသီလပျက်ခဲ့ရပြီ” ဟု ထင်နေပါကြောင်း တမန်များအား ပြောပြသောအခါ တမန်များက “လောဘစိတ် ဖြစ်ပေါ်ကာမျှနှင့် သီလ မပျက်ပါ” ဟု ပြော၍ “ကုရုဓမ္မ” ကို ရေးကူးယူကြပြန်သည်။ ပုရောဟိတ်ကြီး၏ လမ်းညွှန်ချက်ဖြင့် မြေတိုင်းအမတ်ထံသို့ ဆက်၍ လာခဲ့ကြပြန်သည်။

### မြေတိုင်းအမတ်

မြေတိုင်းအမတ်သည်လည်း “တစ်ခါက မိမိလယ်မြေ တိုင်းတာရာတွင် ကြိုးစွန်းချည်သော လှံတံကို ပုစွန်တွင်း၌ စိုက်ခဲ့ရာ ပုစွန်သည် လှံတံထိုးမိ၍ သေခဲ့ရသဖြင့် မိမိသီလကို စိတ်မချပါ” ဟု တမန်များအား ပြောပြသည်။ တမန်များက “သေစေလိုသော စေတနာမရှိ၍ ကံမမြောက်ပါ”ဟု ပြောကြပြီးလျှင် “ကုရုဓမ္မ”ကို ရေးကူးယူကြပြန်သည်။ တစ်ဖန် ထိုအမတ်၏ ညွှန်ပြချက်အရ ရထားထိန်းထံသို့ ရောက်ခဲ့ကြပြန်သည်။

### ရထားထိန်း

ရထားထိန်းသည်လည်း “တစ်ရံသောအခါက မိမိသည် ရထားပေါ်တွင် မင်းကြီးကို တင်ဆောင်၍ ဥယျာဉ်တော်မှ ပြန်လာစဉ် မိုးသားတိမ်မည်းတို့ တက်လာသည်ကို မြင်ရသည်၊ မင်းကြီးအား မိုးမိမည်စိုးသဖြင့် သိန္ဓောမြင်းများအား နှင်တံနှင့် တို့၍တို့၍ပေးသည်။ နောင်သောအခါ သိန္ဓောမြင်းများသည် ထိုနေရာသို့ရောက်တိုင်း လျင်မြန်စွာ ပြေးနေကြသဖြင့် ပင်ပန်းကြရသည်။ ဤအကြောင်းကြောင့် မိမိ၏သီလကို အားမရနိုင်ပါ” ဟုတမန်များအား ပြောပြသည်။ တမန်များက “သင့်တွင် ပင်ပန်းစေလိုသော စေတနာမရှိသဖြင့် အပြစ်မရှိပါ” ဟု ပြောပြ၍ “ကုရုဓမ္မ” ကို ရေးကူးယူသွားကြပြန်သည်။ ထိုသူ၏ လမ်းညွှန်ချက်အရ သူဌေးကြီးထံသို့ ဆက်၍ သွားကြပြန်သည်။

### သူဌေးကြီး

သူဌေးကြီးသည်လည်း “တစ်ရံသောအခါက မင်းကြီးအတွက် သတ်မှတ်ထားသော မိမိ၏ သလေးလယ်ကွက်မှ ကောက်နှံပန်းတစ်ဆုပ်ကို ခူးယူ၍ မိမိ၏ ဦးသျှောင်၌ ပန်ဆင်ခဲ့မိရာ မင်းကြီးထက် ဦးလျှင်စွာ သုံးစွဲမိသောကြောင့် သီလပျက်သည်” ဟု တမန်များအား ပြောပြသောအခါ “သူဌေးမင်းတွင် ခိုးလိုသော စိတ် မရှိခဲ့၍ အဒိန္နာဒါနမဖြစ်ပါ” ဟု တမန်များက ပြောကြပြီး “ကုရုဓမ္မ” ကို ထပ်မံ၍ ရေးကူးကြပြန်သည်။ ထို့နောက် သူဌေးကြီး စေညွှန်းလိုက်သော တင်းခြင် အမတ်ထံသို့ လာခဲ့ကြပြန်သည်။

### တင်းခြင်အမတ်

တင်းခြင်အမတ်သည်လည်း “တစ်ခါက စပါးများကို တင်းဖြင့် ခြင်တွယ်ရာ ခြင်တွယ်ခြင်း မပြုသေးသော စပါးပုံမှ စပါးများကို ယူ၍ အမှတ်အစု ပြုလုပ်ခဲ့မိသည်။ စပါးများ ခြင်တွယ်ပြီးသောအခါ ထိုအမှတ်အစု စပါးများကို ကောက်ယူ၍ စပါးပုံတစ်ခု၌ အမှတ်တမဲ့ ရောထည့်လိုက်မိရာ ခြင်တွယ်ပြီးသော စပါးပုံ၌ ရောထည့်မိလား၊ သို့မဟုတ် မခြင်တွယ်ရသေးသော စပါးပုံ၌ ရောထည့်မိသလား၊ ကွဲကွဲပြားပြား မသိပါ။ ခြင်တွယ်ပြီးသား စပါးပုံ၌သာ ရောထည့်မိခဲ့လျှင် စပါးရှင်သည် နစ်နာ၍ မိမိသီလလည်း ပျက်စီးပါလိမ့်မည်” ဟု တမန်များအား ပြောပြရာ တမန်များက “ခိုးလိုသောစိတ် မရှိသဖြင့် သီလမပျက်ပါ” ဟု ပြောဆိုကြပြီးလျှင် “ကုရုဓမ္မ” ကို ရေးကူးယူကြပြန်သည်။ ထို့နောက် တင်းခြင်အမတ် ညွှန်ပြလိုက်သော တံခါးမှူးထံသို့ ရောက်ကြရပြန်သည်။

### တံခါးမှူး

တံခါးမှူးသည်လည်း တစ်ရံသောအခါက တံခါးဝနားသို့ ရောက်လာကြသော မောင်နှမနှစ်ယောက်အား လင်မယားအထင်နှင့် ပြောဆိုမိခဲ့ပါသည်ဟု ပြောဆိုရာ တမန်များက “လင်မယားထင်၍ ပြောဆိုမိခြင်းသာ ဖြစ်သောကြောင့် သင့်သီလမပျက်ပါ” ဟု ပြောကြပြီးလျှင် “ကုရုဓမ္မ” ကို ထပ်မံကူးယူကြပြန်သည်။ ပြီးလျှင် တံခါးမှူး ညွှန်ကြားလိုက်သော ပြည့်တန်ဆာမထံသို့ ဆက်၍လာခဲ့ကြပြန်သည်။

### ပြည့်တန်ဆာမ

ပြည့်တန်ဆာမသည်လည်း “တစ်ချိန်က အမျိုးသားတစ်ယောက်ထံမှ ယူလာခဲ့ပြီး အဖိုးအခများ မကျေမီ အခြားအမျိုးသားတစ်ယောက်ထံမှ ပေးလာသော အဖိုးအခကို လက်ခံရန် လက်ဖြန့်မိခဲ့သည်။ ယူကားမယူမိခဲ့။ ထိုအကြောင်းကြောင့် မိမိသီလသည် ပျက်စီးခဲ့ရပြီထင်ပါသည်” ဟု တမန်များအား ပြောပြရာ တမန်များက “လက်ဖြန့်ရုံမျှဖြင့် သီလမပျက်ပါ။ သီလသည် အလွန်စင်ကြယ်လှပါသည်” ဟု ပြောဆိုကြပြီးနောက် “ကုရုဓမ္မ” ကို ရွှေပြား၌ ရေးကူးယူကြပြန်သည်။

ဤသို့ဖြင့် တစ်ကျိပ်တစ်ယောက်သော သူတို့၏ သီလကို ရွှေပြား၌ ရေးကူးခဲ့ကြပြီးလျှင် ကာလိင်္ဂမင်းအား ဆက်သကြသည်။ ကာလိင်္ဂမင်းသည် “ကုရုဓမ္မ” ကို စောင့်ထိန်းရာ ထိုခဏ၌ပင် ကာလိင်္ဂတိုင်း၌ မိုးရွာသဖြင့် ဘေးသုံးပါးတို့သည်လည်း ငြိမ်းအေးသွားခဲ့ရာ နိုင်ငံသည်လည်း သာယာဝပြောလာသည်။

**“ဂရုဓမ္မ”**ဇာတ်တော်ကို နာကြားရသည့်အခါ ကာလိင်္ဂမင်းသည် ငါးပါးသီလတည်းဟူသော ကုသိုလ်တရားကို မမေ့မလျော့စောင့်ထိန်းခဲ့သဖြင့် ငြိမ်းချမ်းသာယာဝပြောသည့် နိုင်ငံဖြစ်လာသည်ကို မှတ်သားရပါသည်။ ဂရုဓမ္မဇာတ်တော်တွင် အကုသိုလ်တစ်ခုကို စိတ်ဖြင့် ကြံစည် လုပ်ဆောင်လျှင် ပိုမိုအပြစ်ကြီးကြောင်း၊ တစ်ဖက်သားကို ထိခိုက်စေလိုသည့် စေတနာမပါလျှင် တစ်ခါတစ်ရံ အပြစ်လွတ်ကြောင်းကိုလည်း သိရှိရပါသည်။

နိဂုံးချုပ်အနေဖြင့် ကုသိုလ်တရားကို မမေ့လျော့ဘဲ နေ့စဉ်သတိဖြင့် နေထိုင်မှသာ မင်္ဂလာတရားတော်နှင့်အညီ ချမ်းသာအောင်မြင်ပါမည်။

### “မှတ်သားစရာ”

**ဂရုဓမ္မဇာတ်တော်မှ တစ်ကျိပ်တစ်ယောက်သောသူတို့၏ သီလကို ပြန်လည်ဆန်းစစ်သကဲ့သို့ မိမိကိုယ်မိမိလည်း ပြန်လည်ဆန်းစစ်သည့် အလေ့အကျင့်ကောင်းများ ပြုလုပ်သင့်ပါသည်။** ။


ကိုးကား

၁။ ဇာတ်တော် ငါးရာ့ငါးဆယ်။ မာဃဝ ပြုစုသည်။

၂။ သုတေသန သရုပ်ပြ အဘိဓာန်။ အရှင်ဩဘာသာဘိဝံသ မထေရ်မြတ်။


ဗုဒ္ဓအဆုံးအမဖြင့် အောင်မြင်ခြင်းစာအုပ်ပါ အကြောင်းအရာများသည် မင်္ဂလာတရားတော် ၃၈ ပါးအနက်မှ ၃၁ ပါးကို ခေတ်အမြင်ဖြင့် စာရေးသူက တစ်ပါးချင်းလေ့လာပြီး ဘဝအတွေ့အကြုံများပါ ပေါင်းစပ်ရေးသားထားခြင်း ဖြစ်ပါသည်။ စာဖတ်သူပရိသတ်များအနေဖြင့် မင်္ဂလာတရားတော်နှင့်အညီ လောကီအကျိုး၊ လောကုတ္တရာအကျိုးများ ရရှိဆင်ခြင်နိုင်စေရန် စေတနာမွန်ဖြင့် ထုတ်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။

စာတည်းအဖွဲ့

# သဘာဝဘေးကြောင့် မိုးစပါးပျက်စီးဆုံးရှုံးသွားသော တောင်သူများအား မြေသြဇာများထောက်ပံ့

ဘားအံ အောက်တိုဘာ ၃၀

**ကရင်ပြည်နယ်အတွင်း သဘာဝဘေးဒဏ်ကြောင့် မိုးစပါးသီးနှံ ပျက်စီးဆုံးရှုံးသွားသော တောင်သူများအား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ယူရီးယားမြေသြဇာအိတ်များကို အောက်တိုဘာ ၂၈ ရက်က ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ထောက်ပံ့ပေးအပ်သည်။**



မြေသြဇာအိတ်များ ပေးအပ်ရာတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ပြည်နယ်အတွင်း ဖာပွန်နှင့် သံတောင်မြို့နယ်တို့မှလွဲ၍ ကျန်မြို့နယ်များတွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့ကြောင်း၊ အဓိကအားဖြင့် မိုးစပါးဧက သုံးထောင်ကျော်ခန့် ရေကြီးနစ်မြုပ်၍ ပျက်စီးခဲ့ကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မျိုးစပါးနှင့် ပြောင်းမျိုးစေ့များကို ထောက်ပံ့ပေးအပ်ပြီး ယခု စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် လယ်ဧကများအတွက် တစ်ဧကလျှင် ယူရီးယားဓာတ်မြေသြဇာ တစ်အိတ်နှုန်း ထောက်ပံ့ပေးအပ်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆန်၊ စပါး၊ ပြောင်း၊ ပဲအမျိုးမျိုးတို့ကို တင်ပို့ရောင်းချနေရပြီး မြေလွတ်မြေလပ်မကျန်အောင် စိုက်ပျိုးလုပ်ကိုင်ကြရန်လိုကြောင်း၊ လိုအပ်သည်များနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ဇော်တို့က ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၉ အုပ်စုမှ သဘာဝဘေးကြောင့် မိုးစပါးသီးနှံပျက်စီးဆုံးရှုံးသွားသော တောင်သူ ၈၁၅ ဦး၏ လယ်မြေ ၁၃၃၈ ဧကအတွက် ယူရီးယားမြေသြဇာများကို တောင်သူကိုယ်စားလှယ်များထံ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် သမ္ဘာန်ကျေးရွာ မျိုးသန့်ခြံသို့ သွားရောက်ပြီး တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ စိုက်ပျိုးရေးဆိုင်ရာများ မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး မျိုးစေ့သိုလှောင်ရုံ၌ ပိုင်အိုးနီးယားသီးနှံစုံအခြောက်ခံစက် တောင်သူရှင်းလင်းသရုပ်ပြပွဲကိုလည်း တက်ရောက်အားပေးသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး၌ စပါးစိုက်ပျိုးမှုတိုးတက်စေရန် မြစ်ရေတင်စီမံကိန်းများ တိုးချဲ့မည်

**ရန်ကုန် အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ မှော်ဘီနှင့် တိုက်ကြီးမြို့နယ်များရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လျှပ်စစ်မြစ်ရေတင် စီမံကိန်းများကို အောက်တိုဘာ ၂၇ ရက်က ကွင်းဆင်းစစ်ဆေးသည်။



**စီမံကိန်းဆောင်ရွက်မည့်နေရာကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ ကြည့်ရှုနေစဉ်။**

တိုင်းဒေသကြီး ဝန်ကြီးချုပ်အား မြောင်းတကာ မြစ်ရေတင် စီမံကိန်း လုပ်ငန်းခွင်ရုံး၌ ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးနှင့် တာဝန်ရှိသူများက ကျေးလက်နေဒေသခံ ပြည်သူလူထု၏ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားလာစေရေးအတွက် နွေစပါးစိုက်ပျိုးရေ လုံလောက်စွာရရှိရန် စီမံကိန်းဧက ၈၀၀ လုပ်ငန်းဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးမြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် စီးပွားရေးရာဝန်ကြီး ဦးအောင်သန်းဦးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း ယခုနှစ် နွေစပါးဧက ၁၃၀၀၀၀ စိုက်ပျိုးရန် လျာထားသဖြင့် ဒေသခံတောင်သူများ စိုက်ပျိုးရေ လုံလောက်စွာ ရရှိနိုင်ရန်နှင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် လျှပ်စစ်မြစ်ရေတင် စီမံကိန်းများတွင် လိုအပ်သည်များ ကူညီပံ့ပိုးပေးမည် ဖြစ်ကြောင်း ပြောကြားပြီး လုပ်ငန်းခွင် ဆောင်ရွက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများသည် တဘူးလှဆည် ရေသောက်စနစ်ဖြင့် တိုက်ကြီးမြို့နယ်အတွင်း ကျေးရွာများသို့ စိုက်ပျိုးရေ ပေးဝေနေသည့် ရင်းတိုက်ကွင်းကျေးရွာ လက်ဝဲမြောင်းမကြီးမှ ရေလွှတ်ပေးနေမှုများ၊ စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာအကူအညီဖြင့် သဘာဝမြေဆွေးဖြင့် စိုက်ပျိုးသည့်မိုးစပါး တစ်ဧကတင်း ၁၀၀ ထွက်ရှိရေး တောင်သူပညာပေးဧက ၁၀၀ စံပြကွက်နှင့် သဘာဝမြေဆွေးလုပ်ဆောင်ထားရှိမှုများကို ကြည့်ရှုအားပေးသည်။

**ဆန်းကျော်ဦး (ပြန် /ဆက်)**

# ဗန်းမော်မြို့၌ အဝေးပြေးခရီးသွား ယာဉ်ရပ်နားစခန်းတည်ဆောက်ရန် ဆွေးနွေး

**ဗန်းမော် အောက်တိုဘာ ၃၀**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် အဝေးပြေးယာဉ်ရပ်နားစခန်း စီမံကိန်းအကောင်အထည်ဖော် တည်ဆောက်နိုင်ရေးအတွက် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့် အဖွဲ့ဝင်များက အောက်တိုဘာ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးသည်။

အဝေးပြေးခရီးသွားယာဉ်ရပ်နားစခန်းစီမံကိန်း အကောင်အထည်ဖော်ရေးအတွက် ဗန်းမော်မြို့ မြသီတာဧည့်ရိပ်သာ အစည်းအဝေးခန်းမ၌ စိန်မောင်နှမကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်းရာတွင် ပြည်နယ်ဝန်ကြီးက ယာဉ်ရပ်နားစခန်းစီမံကိန်းကို ဥပဒေနှင့်အညီ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ကြရန် အမှာစကားပြောကြားပြီး စီမံကိန်းဆောင်ရွက်မည့် စိန်မောင်နှမကုမ္ပဏီလီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းဆိုင်မိန်းက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

**ခရိုင်(ပြန်/ဆက်)**

# မန္တလေးနို့ချက်စက်ရုံ ပြန်လည်လည်ပတ်မည် တစ်ရက် နို့ဆီဘူးတစ်သိန်းကျော်အထိ ထုတ်နိုင်

**နေပြည်တော် အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ပိုင် မန္တလေးနို့ချက်စက်ရုံ ပြန်လည်လည်ပတ်ပြီး နို့နှင့်နို့ထွက်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ပြုလုပ်သည်။

မန္တလေးနို့ချက်စက်ရုံကို ၁၉၈၅ ခုနှစ် ဇန်နဝါရီလက မန္တလေးတိုင်းသမဝါယမအသင်းစုက စတင်တည်ဆောက် အကောင်အထည်ဖော်ခဲ့ကြောင်း၊ ၁၉၉၆ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ Myanmar Dairy Industries ကုမ္ပဏီလီမိတက်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ မန္တလေးနို့ချက်စက်ရုံ ပြန်လည်လည်ပတ်ထုတ်လုပ်နိုင်ပါက ထုတ်လုပ်နိုင်မှုစွမ်းအားမှာ တစ်ရက်လျှင် အများဆုံး နို့ဆီဘူး ၁ ဒသမ ၂ သိန်း(တန် ၅၀)မှ အနည်းဆုံး နို့ဆီဘူး ၅၅၄၀၀ (၂၂ တန်) ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းအတွက် လိုအပ်သည့်နွားနို့ကို တံတားဦးမြို့နယ်ရှိ နွားနို့အဝယ်ဒိုင်များမှ ဝယ်ယူမည်ဖြစ်ပြီး အခြားကုန်ကြမ်းပစ္စည်းများကိုလည်း ပြည်တွင်းဈေးကွက်မှ ဝယ်ယူမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ပုဂ္ဂလိကနှင့် သမဝါယမအသင်းများတွင် နို့စားနွားကောင်ရေ ၄၂၄၃ ကောင် မွေးမြူထားရှိရာ နေ့စဉ်နွားနို့ကုန်ကြမ်း ၁၀၉၅၈ ပိဿာကို ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် မန္တလေးနို့ချက်စက်ရုံကို ပြန်လည်လည်ပတ်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ပြီး ဈေးနှုန်းသက်သာ၍ သန့်ရှင်းလတ်ဆတ်သော ပြည်တွင်းထုတ်နို့ဆီဘူးများ၊ နို့နှင့်နို့ထွက်ပစ္စည်းများကို ပြည်သူလူထုက ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်လမြိုင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေး

**မော်လမြိုင် အောက်တိုဘာ ၃၀**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ဒေသဖွံ့ဖြိုးရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ မော်လမြိုင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အောက်တိုဘာ ၂၉ ရက်က တွေ့ဆုံဆွေးနွေးသည်။




မော်လမြိုင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေမြိုင်ခန်းမ၌ ပြုလုပ်သည့် တွေ့ဆုံပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ အနေဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ရပ်/ရွာလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် တင်ပြမှုများအပေါ် သတ်မှတ်ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။ ထို့နောက် ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို တင်ပြသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# မောင်တောမြို့၌ ကျောင်းသား ကျောင်းသူ ၅၂၀၀ ကျော်အား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပြီးစီး

**မောင်တော အောက်တိုဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၅၂၁၅ ဦးအား ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးပေးပြီးဖြစ်ကာ ကျန်ရှိသော ကျောင်းသား ကျောင်းသူများကိုလည်း အခြေခံပညာကျောင်းများရှိ သတ်မှတ်စုရပ် နေရာများတွင် အောက်တိုဘာ ၂၉ ရက်က ဆက်လက် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မောင်တော မြို့နယ်တွင် အခြေခံပညာကျောင်းများရှိ စုရပ် ၅၃ နေရာ၌ ကာကွယ်ဆေးထိုးနှံပေးရမည့် အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူ ၇၂၉၇ ဦးရှိပြီး အောက်တိုဘာ ၁၇ ရက်မှစ၍ ကာကွယ်ဆေးများ ထိုးပေးခဲ့ရာတွင် ၂၉ ရက်အထိ စုစုပေါင်း ၅၂၁၅ ဦးအား ထိုးနှံပြီးစီးခြင်းဖြစ်သည်။

ကာကွယ်ဆေး ထိုးနှံခြင်း မပြုမီ ပညာရေးဝန်ထမ်းများက စာရင်းများမှတ်ယူခြင်း၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာနုကေသီစံ ဦးဆောင်သော ကျန်းမာရေး ဝန်ထမ်းများက လာရောက်ထိုးနှံသည့် အခြေခံပညာကျောင်းများရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ ကိုယ်ပူချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန် တိုင်းတာပေးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းများကို ဆောင်ရွက်ပေးပြီး ပုံမှန်အခြေအနေရှိမှသာ စနစ်တကျ ကာကွယ်ဆေး ထိုးနှံပေးခြင်း ဖြစ်ကြောင်း၊ ကာကွယ်ဆေး ထိုးနှံနေမှုတွင် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ဆရာ ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများကလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ငါးသိုင်းချောင်းမြို့၌ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်

**ငါးသိုင်းချောင်း အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းကို နိုဝင်ဘာ ၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး အစီအစဉ်များဖြင့် ကျောင်းပြန်လည်ဖွင့်လှစ် သင်ကြားနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ဆရာ ဆရာမများ၊ မြို့ဌာနဆိုင်ရာများ၊ သက်ဆိုင်ရာ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကျောင်းဝင်းနှင့် စာသင်ခန်းများတွင် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး သုံးပစ္စည်းများ အသင့်ပြင်ဆင်ခြင်း အစရှိသည့် လုပ်ငန်းများကို စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် အထက(ငါးသိုင်းချောင်း) ကာကွယ်ဆေးထိုးစုရပ်၌ ပညာရေးနယ်မြေအတွင်းရှိ အထက သုံးကျောင်း၊ အလက(ခွဲ) နှစ်ကျောင်းနှင့် မူလတန်းလွန်ကျောင်း နှစ်ကျောင်း စုစုပေါင်း ခုနစ်ကျောင်းရှိ အသက် ၁၂ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကိုလည်း အဆိုပါကျောင်းခန်းမ၌ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ကိုဦး (ငါးသိုင်းချောင်း)**

## ဖန်းမောက်မြို့၌ အောက်ဆီဂျင်ထုတ်စက်ရုံ ဖွင့်လှစ်

**ဖန်းမောက် အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဖန်းမောက်မြို့ ဆေးရုံဝင်းအတွင်းရှိ အောက်ဆီဂျင်ထုတ်စက်ရုံဖွင့်ပွဲကို အောက်တိုဘာ ၂၉ ရက်က ကျင်းပရာ စက်ရုံနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဌေးက ကိုဗစ်-၁၉ ကူးစက်ရောဂါ ထိန်းချုပ်ရေးကော်မတီထံသို့ လွှဲပြောင်းပေးအပ်သည်။

အဆိုပါ အောက်ဆီဂျင်ထုတ်စက်သည် အောက်တိုဘာ ၂၃ ရက်က ဖန်းမောက်မြို့နယ်ဆေးရုံဝင်းအတွင်းသို့ ရောက်ရှိခဲ့ပြီး ၂၆ ရက်တွင် စက်ပစ္စည်းများ တပ်ဆင်၍စတင်လည်ပတ်ထုတ်လုပ်ခဲ့ရာ တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အိုးအလုံး ၄၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**လူအောင် (ကသာ)**




ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန

### မိဘများ ကြိုတင်ဆောင်ရွက်ရမည့်
### ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ အသက်(၁၂)နှစ်နှင့်အထက် ကျောင်းသားများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည့်အချိန်တွင် မပျက်မကွက်ထိုးနှံရေး ပူးပေါင်းပါဝင်ရန်၊

၂။ သတ်မှတ်အပူချိန် (၃၈ ဒီဂရီစင်တီဂရိတ်နှင့် ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်) အထက်ရှိခြင်း၊ ဖျားနာခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူခက်ခဲခြင်းနှင့် အားအင်ကုန်ခန်းခြင်း စသည့် လက္ခဏာများရှိပါက ကလေးများအား ကျောင်းသို့စေလွှတ်ခြင်းမပြုရန်၊

၃။ အုပ်ထိန်းသူသည် ကိုယ်အပူချိန်မြင့်မားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်းများ ဖြစ်နေပါက ကျောင်းသို့လိုက်ပို့ခြင်းကို ရှောင်ကြဉ်ရန်၊

၄။ မိမိနှင့် မိမိသား၊ သမီးများ ကျောင်းသို့လာသည့် လမ်းတစ်လျှောက်တွင် ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို တပ်ဆင်ရန်၊

၅။ ကျောင်းသို့လာချိန်တွင် ကြိုပို့ယာဉ်များ အသုံးပြုပါက (Mask)တပ်ဆင်ရန်၊ Air-con အသုံးပြုသော ယာဉ်ဖြစ်ပါက ပြတင်းတံခါးများဖွင့်၍ စီးနင်းရန်၊

၆။ ပို့ဆောင်သူအချင်းချင်း ခပ်ခွာခွာနေပါ၊ အချင်းချင်း လက်ဆွဲနှုတ်ဆက်ခြင်း၊ နီးနီးကပ်ကပ်နေခြင်း လုံးဝမပြုလုပ်ရပါ၊

၇။ ကျောင်းဝင်းအတွင်းသို့ဝင်လျှင် ကျောင်းအစီအစဉ်အရ အပူချိန်တိုင်းတာခြင်း ခံယူရန်၊ ခပ်ခွာခွာနေရန်၊ တစ်စုံတစ်ခု ကိုင်တွယ်ပြီးတိုင်း လက်ဆေးရန်၊

၈။ ကျောင်းသား ကျောင်းသူများ တစ်နေ့တာလိုအပ်မည့် အစာအဟာရ (ထမင်း+မုန့်+ရေ) များကို ဖြစ်နိုင်လျှင် အိမ်မှစီစဉ်ပေးရန်၊

၉။ မိမိ၏သား၊ သမီးများအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာ လိုအပ်သည့်ပစ္စည်းများ ဝယ်ယူဖြည့်ဆည်းထားရန်၊

၁၀။ အသုံးပြုပြီးသော တစ်ရှူးများ၊ တစ်ခါသုံး နှာခေါင်းစည်းများကို အဖုံးပါသော အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ရန်၊

၁၁။ ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ ကျောင်းအုပ်ကြီး (သို့) ဆရာများသို့ တင်ပြရန်၊

## မကွေးတိုင်းဒေသကြီး၌ အခြေခံ ရိုးရာခြင်းလုံးအားကစားသင်တန်းဖွင့်

**မကွေး အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနက ကြီးမှူး၍ အခြေခံရိုးရာခြင်းလုံးအားကစားသင်တန်းကို မကွေးမြို့ရှိ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားခန်းမ၌ အောက်တိုဘာ ၂၈ ရက်က ဖွင့်လှစ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဝန်ကြီးများ တက်ရောက်အားပေးသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်က မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု အားကစားနည်းများတွင် မြန်မာ့ရိုးရာခြင်းခတ် အားကစားနည်းလည်း တစ်ခုအပါအဝင်ဖြစ်၍ မတိမ်ကော မပပျောက်စေရေးအတွက် အဆင့်ဆင့် လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ မြန်မာ့ရိုးရာခြင်းခတ်အားကစားနည်း မတိမ်ကော၊ မပပျောက်စေရေးနှင့် ထူးချွန်ထက်မြက်သော နိုင်ငံ့ကိုယ်စားပြုမျိုးဆက်သစ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးတို့အတွက် ယခုသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခြင်းလုံးများ၊ သရုပ်ပြခြင်းလုံးအဖွဲ့အားဂုဏ်ပြုဆုငွေနှင့်မကွေးတိုင်းခြင်းလုံးရုံ ဆောက်လုပ်နိုင်ရန် အလှူငွေများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အလှူရှင်တစ်ဦးက ပေးအပ်ပြီး ၂၀၂၂ ခုနှစ် မတ်လတွင် မကွေးတိုင်းဒေသကြီး၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာခြင်းလုံးပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် ရိုးရာခြင်းလုံး(၄)ပေါက်တန်း ဝိုင်းဖွဲ့အမှတ်ခတ်ခြင်းကို ဆီးဂိမ်းရွှေတံဆိပ်နှစ်ဆုရှင် မတင်တင်လင်းက စွမ်းရည်ပြခဲ့သည်။

**စည်သူ(မကွေး)**



တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းအတွက် ခြင်းလုံးများ ပေးအပ်စဉ်။

## မွန်ပြည်နယ် ဝန်ကြီးချုပ်(ဖလား) ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၃၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ် အားကစားခန်းမ၌ ကျင်းပခဲ့သည့် ၂၀၂၁ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ် (ဖလား) ၁၀ မြို့နယ် အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဆုပေးပွဲကို အောက်တိုဘာ ၂၈ ရက်က ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း တက်ရောက်အားပေးသည်။



အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မွန်ပြည်နယ်အတွင်း ၁၀ မြို့နယ်မှ အမျိုးသား(သုံးယောက်တွဲ) ၁၀ သင်းနှင့် အမျိုးသမီး (နှစ်ယောက်တွဲ) ၁၀ သင်းတို့က အောက်တိုဘာ၂၆ ရက်မှ ၂၈ ရက်အထိ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အမျိုးသားပြိုင်ပွဲတွင် မော်လမြိုင်မြို့နယ်အသင်းနှင့် အမျိုးသမီးပြိုင်ပွဲတွင် ဘီးလင်းမြို့နယ်အသင်းတို့က ပထမဆုများ ရရှိကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးများက အကောင်းဆုံး အားကစားသမားဆုနှင့် အခြားဆုများကို ချီးမြှင့်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရရှိသည့် အသင်းအုပ်စုအား ဆုများချီးမြှင့်ပေးသည်။

မွန်ပြည်နယ်အတွင်း မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ခံယူ၍ ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ပြိုင်ပွဲကျင်းပခဲ့ခြင်းဖြစ်ပြီး မြို့နယ်၊ ခရိုင်အဆင့်မှ ပြည်နယ်အဆင့်အထိ အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်နှင့် အောင်မြင်မှု ရရှိလာစေရန်လည်း ရည်ရွယ်ကြောင်း သိရသည်။ **ဇာဖြူဝင်း(ပြန်/ဆက်)**

## ဗန်းမောက်မြို့တွင် အောက်ဆီဂျင်စက်ရုံ ဖွင့်ပွဲပြုလုပ်

**ဗန်းမောက် အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့တွင် အောက်ဆီဂျင်ထုတ်စက်ရုံဖွင့်ပွဲကို အောက်တိုဘာ ၂၉ ရက်က ဗန်းမောက်မြို့ ဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါအောက်ဆီဂျင်ထုတ်စက်ကို အောက်တိုဘာ ၂၆ ရက်တွင် စက်ပစ္စည်းများတပ်ဆင်၍ စတင်ထုတ်လုပ်ခဲ့ရာ တစ်နေ့လျှင် လီတာ ၄၀ အိုး အလုံး ၄၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်သည်။

စက်ရုံနှင့်သက်ဆိုင်သော စာရွက်စာတမ်းများကို ကိုဗစ်-၁၉ ကူးစက်ရောဂါ ထိန်းချုပ်ရေးကော်မတီထံသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လွှဲပြောင်းပေးအပ်ပြီး အခမ်းအနားသို့ ဗန်းမောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဋ္ဌေးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**လူအောင်(ကသာ)**



## စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးကာကွယ်ရေးနှင့် အခြင်အတွယ်မှန်ကန်ရေး လိုက်လံစစ်ဆေး

**သထုံ အောက်တိုဘာ ၃၀**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်နိုင်ရေးနှင့် အခြင်အတွယ် မှန်ကန်စွာဖြင့် ရောင်းချရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများပူးပေါင်း၍ အောက်တိုဘာ ၂၈ ရက်က လိုက်လံစစ်ဆေးကြကြောင်း သိရသည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးတင်ဆိုင်ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက သထုံမြို့ မြေနီကုန်းကျေးရွာအုပ်စုရှိ Parent Love အရောင်းဆိုင်၊ အောင်တမာန်အရောင်းဆိုင်နှင့် Max စက်သုံးဆီအရောင်းဆိုင်များ၌ ပွင့်လင်းရာသီကာလအတွင်း မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူးများ အရန်သင့်ပြင်ဆင်ထားရှိရေး၊ အရေးပေါ်မီးငြိမ်းသတ်နိုင်ရေး အတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံချက်ရေးဆွဲထားရှိမှု အခြေအနေ၊ စက်သုံးဆီသိုလှောင်ကန်များတွင် မီးဘေးအန္တရာယ် မဖြစ်ပွားအောင် တည်ဆောက်ထားရှိမှု အခြေအနေ၊ မီးသတ်ရေကန်များ အရန်သင့်ရေအပြည့် ရှိစေရေး၊ လျှပ်စစ်ဝိုင်ယာကြိုးများ ဝိုင်ယာရှော့ကြောင့်မီးလောင်မှုမရှိစေရေးနှင့် စက်သုံးဆီများအား အခြင်အတွယ်နှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချစေရေးအတွက် စစ်ဆေး၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်သည်။



**ကိုကိုဦး(ပြန်/ဆက်)**

## ပန်းဘဲတန်းမြို့နယ်အတွင်း ကျူးကျော်အဖီအစွယ်ဆိုင်ခန်းများ ရှင်းလင်းဖယ်ရှား

**ပန်းဘဲတန်း အောက်တိုဘာ ၃၀**

ရန်ကုန်မြို့လယ် ကမ်းနားလမ်းပေါ် (၃၂) လမ်းနှင့် ရွှေတိဂုံဘုရားလမ်းအကြားရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီပိုင်မြေ (သို့မဟုတ်) ကော်မတီက စီမံခန့်ခွဲပိုင်ခွင့်ရှိသောမြေနှင့် အစိုးရဌာနပိုင်မြေများ၊ အများပြည်သူဆိုင်ရာ မြေများအတွင်းရှိ ကျူးကျော်၊ အဖီ၊ အစွယ်ဆိုင်များကို လသာမြို့နယ် ပန်းဘဲတန်းမြို့နယ်နှင့် ကျောက်တံတားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် အောက်တိုဘာ ၂၈ ရက်က ရှင်းလင်းကြောင်း သိရသည်။

ကျူးကျော်ဆိုင်ခန်းများ ရှင်းလင်းရာတွင် ဝါးတဲတစ်လုံး၊ အဖီအစွယ်ကျူး ၁၀ ခု၊ လက်တွန်းလှည်းတစ်စီးအပါအဝင် ကျူးကျော်ဈေးရောင်းသည့်ပစ္စည်းများကို သိမ်းဆည်းရှင်းလင်းဖယ်ရှားခဲ့ကြောင်းနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်စည်ပင်သာယာမှ တာဝန်ရှိသူများက ကွင်းဆင်းကြပ်မတ်ဆောင်ရွက်ကြောင်း သိရသည်။

**ဟိန်းဇေယျဇော်(ပန်းဘဲတန်း)**

# ဖောင်းပြင်မြို့နယ်၌ လူနာမရှိတော့သဖြင့် ကိုဗစ်-၁၉ စင်တာနှစ်ခုကို ပိတ်သိမ်း

**ဖောင်းပြင် အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဖောင်းပြင်မြို့နယ် အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများ အား ပြည်သူ့ကျန်းမာရေးဌာနနှင့် မင်းကွန်း ဓမ္မရိပ်သာတို့၌ စောင့်ကြည့်ကုသရေးစင်တာ များ ဖွင့်လှစ်၍ စောင့်ကြည့်ကုသပေးခဲ့ရာ ယခုအခါ ရောဂါပိုး ထပ်မံတွေ့ရှိမှု မရှိခြင်း နှင့် လူနာများအားလုံး ကျန်းမာရေး ကောင်းမွန်၍ဆေးရုံမှ အားလုံးဆင်းခွင့်ရခြင်း ကြောင့် စင်တာများကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် ယမန်နေ့က ပိတ်သိမ်းလိုက်ကြောင်း သိရသည်။



ကိုဗစ်-၁၉ လူနာဆောင်တစ်ခုကို ပိတ်သိမ်းနေစဉ်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများ စုစုပေါင်း ၇၅ ဦး ပူးပေါင်းပါဝင်ဆောင်ရွက် ခဲ့ပြီး ပိုးတွေ့ရှိသူများအား ပြုစုစောင့်ရှောက် ပေးရာတွင် စေတနာ့ဝန်ထမ်း ရှစ်ဦးပါဝင် ကြောင်း၊ ရောဂါပိုးတွေ့ရှိမှုနှုန်းမှာ အောက်တိုဘာလပထမပတ်မှ စတင် လျော့ကျလာခဲ့ပြီး ၂၀ ရက်မှ ၂၉ ရက်အထိ ရောဂါပိုးတွေ့ရှိသူ မရှိခဲ့ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီထံမှ သိရသည်။

မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများကို ဇွန် ၂၃ ရက်က စတင် တွေ့ရှိခဲ့ပြီး အောက်တိုဘာ ၂၉ ရက်အထိ ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း ၇၄၄ ဦးရှိကာ ကျန်းမာရေးကောင်းမွန်၍ ဆေးရုံမှဆင်းခွင့် ရရှိသူ ၇၁၉ ဦး၊ သေဆုံးသူ ၂၅ ဦးရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဌာနမှ သိရ သည်။

**ကိုထွန်း(ဖောင်းပြင်)**

# ကသာမြို့နယ်၌ သွေးကျောက်ချောင်းတံတား ပြန်လည်ပြုပြင်ပြီးစီး

**ကသာ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုငွေကျပ် ၁၄ ဒသမ ၆ သန်းဖြင့် ပြုပြင်ဆောင်ရွက်ခဲ့သည့် ကသာမြို့နယ် ကျန်တောကျေးရွာအုပ်စု ကျန်တောကျေးရွာ (ကသာ-ပြည်သာယာ-သိမ်အင်း)ကတ္တရာလမ်းမ ပေါ်ရှိ သွေးကျောက်ချောင်းသစ်သားတံတား ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ အောက်တိုဘာ ၂၈ ရက်က ရာနှုန်းပြည့် ပြီးစီးပြီ ဖြစ်သည်။

အဆိုပါတံတားသည် အရှည် ၂၂၄ ပေ၊ အကျယ် ၁၄ ပေရှိပြီး တံတား၏ပျက်စီးနေသည့် အစိတ်အပိုင်းဖြစ်သော ပေ ၄၀ နှစ်ခန်းနှင့် ၂၄ ပေခန်း နှစ်ခန်းကို ခရိုင်တည်ဆောက်ရေးလုပ်ငန်းများ စိစစ် ကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် တံတားပြန်လည်ပြုပြင်ရေး လုပ်ငန်းအဖွဲ့က အောက်တိုဘာ ၈ ရက်မှစတင်၍ ဆောင်ရွက်ရာ အောက်တိုဘာ ၂၈ ရက်တွင် လုပ်ငန်းအားလုံးပြီးစီးကာ ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

သွေးကျောက်ချောင်းသစ်သားတံတားသည် ကသာမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာမှ လူဦးရေ ၂၇၅၀၀ ကျော်၏ လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုတို့အတွက် အဓိကအထောက်အကူပြုသည့်အပြင် ခရိုင်ချင်းဆက် အမှတ်(၃)လမ်းမကြီးနှင့် ဆက်သွယ်ထားသည့်လမ်းပေါ်ရှိ တံတားတစ်ခုဖြစ်၍ ထီးချိုင့်မြို့နယ်အတွင်းမှ ပြည်သူများအတွက်ပါ များစွာအထောက်အကူပြုသည့် တံတားတစ်စင်းဖြစ်ပြီး ယခုအချိန်တွင် တံတားပြန်လည်ပြုပြင်ခြင်းလုပ်ငန်းအားလုံး ပြီးစီးနေပြီဖြစ်သည့် အတွက် ပြည်သူများ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ပြီဖြစ် သည်။

**ခရိုင်(ပြန်/ဆက်)**



# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းအကြောင်း မိတ်ဆက်ရှင်းလင်းပြီး ကျေးရွာကော်မတီဖွဲ့စည်း

**သီပေါ အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ဆိုင်းလိုင်ကျေးရွာအုပ်စု ဆိုင်လိုကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း များ ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းအကြောင်း မိတ်ဆက် ရှင်းလင်းပွဲကို ကျေးရွာဘုန်းတော်ကြီးကျောင်း၌ ယမန်နေ့ကပြုလုပ်ပြီး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီကို ဖွဲ့စည်းသည်။

ရှင်းလင်းပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှူး ဦးဝင်းဆောင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း လုပ်ငန်းစဉ်များကို ကျေးရွာနေပြည်သူများအား မိတ်ဆက်ရှင်းလင်းပြော ကြားပြီးနောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ရွာသူရွာသားများ၏ အများ သဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

**သန်းလွင်(မကွေး)**




# မိတ္ထီလာမြို့ပေါ်ရပ်ကွက်ခြောက်ခုသို့ ရေဖြန့်ဝေပေးသည့် ရေစင်ကြီး ပြန်လည်တည်ဆောက်ပြီးစီး

**မိတ္ထီလာ အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ပေါ်ရပ်ကွက် ခြောက်ခုသို့ သောက်သုံးရေဖြန့်ဝေပေးလျက်ရှိသော ရေစင်ကြီးကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် စည်ပင် သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၇၈ သန်းကျော် ဖြင့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့မှ သိရသည်။

မိတ္ထီလာမြို့ ဈေးအရှေ့ပြင်ရပ်ကွက် ခရိုင် မီးသတ်ဦးစီးဌာနအနီး၌ ရေဂါလန် ၆၀၀၀၀ ဆံ့ ရေစင်ကြီးနှစ်ခုရှိသည့်အနက် ဆွေးမြည့်ပျက်စီး နေသည့် ရေစင်ကြီးတစ်ခုကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာ နှစ်တွင် စည်ပင်သာယာရေးအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ် ၇၈ ဒသမ ၅၆ သန်းဖြင့် တင်ဒါအောင်မြင်သည့် ကုမ္ပဏီက တာဝန်ယူပြီး အမြင့် ၄၃ ပေရှိ ရေဂါလန် ၃၅၀၀၀ ဆံ့ သံကူကွန်ကရစ်ရေစင်အဖြစ် မေလဆန်း က စတင်တည်ဆောက်ခဲ့ရာ ယခု ရာနှုန်းပြည့် ပြီးစီး ပြီဖြစ်သည်။

အဆိုပါ ရေစင်မှ မိတ္ထီလာမြို့ပေါ်ရှိ ဈေးအရှေ့ ပြင်ရပ်ကွက်၊ မြို့မရပ်ကွက်၊ ရတနာမာရ်အောင် ရပ်ကွက်၊ ရန်မျိုးအောင်ရပ်ကွက်၊ အောင်ဇေယျာ ရပ်ကွက်နှင့် သီရိမင်္ဂလာရပ်ကွက်များသို့ သောက် သုံးရေများကို အလှည့်ကျစနစ်ဖြင့် ဖြန့်ဝေပေးလျက် ရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**



## ဂွမြို့ ချောင်းသာကြီးကျေးရွာအနီး ပေ ၂၀၀ခန့်ရှိ ချောက်ထဲသို့ ယာဉ်တစ်စီးထိုးကျတိမ်းမှောက်ပြီး နှစ်ဦးသေဆုံး

**ဂွ အောက်တိုဘာ ၃၀**

ရခိုင်ပြည်နယ် ဂွမြို့ ချောင်းသာကြီးကျေးရွာအနီး ဒေသအခေါ် ကတက်တောင်တွင် ယမန်နေ့ ညပိုင်းက ယာဉ်မောင်း ဦးဖိုးဝကြီး (ခ) သန်းအောင် (၄၀နှစ်) ဂွမြို့ နေသူမောင်းနှင်သည့် 3R/---- SOJEN (အဖြူရောင်) ယာဉ်သည် ဂွမြို့မှ ပေါက်တူးကျေးရွာသို့ ပြန်စဉ် တောင်တက်တွင် နောက်ပြန်လျှောကျ၍ လမ်းယာဘက်ခြမ်း ပေ ၂၀၀ခန့်ရှိ ချောက်ထဲသို့ထိုးကျ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် ပါလာသည့် ခရီးသည်များအနက် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးမှာ သေဆုံးခဲ့ပြီး ကျန်ခရီးသည်များဖြစ်သည့် အမျိုးသား ငါးဦး၊ အမျိုးသမီး လေးဦးမှာ မစိုးရိမ်ရကြောင်းနှင့် ဒဏ်ရာရသူများအား နာရေး ကူညီမှုအသင်းများက ဂွမြို့နယ် ပြည်သူ့ဆေးရုံသို့ ပေးပို့ခဲ့ကြောင်း သတင်းရရှိသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ကိုဖိုးဝကြီးအား အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့ထံမှ သိရသည်။ **ရွှေရည်ဝင်းကျော်**

## မိုင်းဆတ်မြို့ ရွှေဟသာမိုတယ်မှ အလုပ်သမားတစ်ဦး ရေစင်ပေါ်မှ ပြုတ်ကျသေဆုံးမှုဖြစ်ပွား

**မိုင်းဆတ် အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ ရွှေဟသာမိုတယ်မှ အလုပ်သမားတစ်ဦး ရေစင်ပေါ်မှ အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက ပြုတ်ကျသေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရွှေဟသာမိုတယ်မှ အလုပ်သမား အမျိုးသားသည် မိုတယ်အပေါ်ထပ်တွင် တင်ထားသည့် လီတာ ၂၅၀၀ ဆံ့ စတီးရေတိုင်ကီများကို ဆေးကြောနေစဉ် ရေတိုင်ကီပေါ်မှ ပြုတ်ကျကာ ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာရရှိခဲ့ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများထံ အကြောင်းကြားခဲ့ရာ တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ရာ မွန်းလွဲ ၁နာရီတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ သေဆုံးသူ အောင်သူဝင်း အသက်(၃၂) နှစ်သည် ဓမ္မတာအတိုင်းသေဆုံးခဲ့ခြင်း ဟုတ်/မဟုတ် မိုင်းဆတ်မြို့မရဲစခန်းတွင် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြင့်မောင်(မိုင်းဆတ်)**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## အာဆင်နယ်နှင့် ချယ်လ်ဆီး အနိုင်ရပြီး လီဗာပူးသရေကျကာ မန်စီးတီးရှုံးနိမ့်

ပရီမီယာလိဂ်ပွဲစဉ် (၁၀)၏ အစောဆုံးပွဲစဉ်အဖြစ် လက်စတာအသင်းနှင့် အာဆင်နယ်အသင်းတို့ ပွဲစဉ်ကို အောက်တိုဘာ ၃၀ ရက် ညပိုင်းက လက်စတာအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

လက်စတာအသင်းသည် ယနေ့ပွဲစဉ်တွင် ရှမိုက်ကယ်၊ တိုင်လီမန်းစ်၊ မက်ဒီဆင်၊ အီဟီယာနာချို၊ ဗာဒီ စသည့် အဓိက ကစားသမားအများစုဖြင့် အာဆင်နယ်အသင်းကို ရင်ဆိုင်လာခဲ့သလို အာဆင်နယ်အသင်းကလည်း ဂါဘရီရယ်၊ လာကာဇက်၊ အူဘာမီယန်တို့ ဦးဆောင်ပြီး အားထားရသည့် ကစားသမားအစုံအလင်ဖြင့် လက်စတာအသင်းကို ရင်ဆိုင်လာခဲ့သည်။



လက်စတာအသင်းဘက်သို့ ဂိုးသွင်းယူပြီးနောက် အာဆင်နယ် ကစားသမားများ အောင်ပွဲခံစဉ်။

အူဘာမီယန် ဦးဆောင်သည့် အာဆင်နယ်အသင်း၏ တိုက်စစ်ပိုင်းထက်မြက်ခဲ့ပြီး ပွဲချိန် ၁၉ မိနစ်အတွင်း သွင်းဂိုးနှစ်ဂိုးရရှိခဲ့သည်။ အသင်းအတွက် အဖွင့်ဂိုးကို ပွဲချိန် ၅ မိနစ်တွင် ဂါဘရီရယ်က သွင်းယူပေးပြီး ဒုတိယဂိုးကို ပွဲချိန် ၁၈ မိနစ်တွင် စမစ်ရိုဝီက သွင်းယူ ပေးခဲ့သည်။ သွင်းဂိုး နှစ်ဂိုး ခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးစားလာသည့် လက်စတာအသင်း အာဆင်နယ်အသင်းကို ဖိအားပေး ကစားနိုင်ခဲ့သည်။ သို့သော်လည်း အသင်းကစားသမားများ အဆုံးသတ်မသေချာမှု၊ အာဆင်နယ် ဂိုးသမားရမ်စ်ဒေး လက်စွမ်းပြကာကွယ်ထားနိုင်မှုကြောင့် ပထမပိုင်းကို အာဆင်နယ်အသင်းက နှစ်ဂိုး – ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ချေပဂိုးရရှိရေး ကြိုးစားလာသည့် လက်စတာအသင်းသည် ဒုတိယပိုင်းတွင် အာဆင်နယ်အသင်းကို ဂိုးကန်သွင်းမှုအသာ၊ ခြေအသာဖြင့် ပွဲကိုထိန်းချုပ် ကစားနိုင်ခဲ့သည်။ သို့သော်လည်း အာဆင်နယ်အသင်း ခံစစ်နှင့် ဂိုးသမားတို့ ဟန့်တားရှင်းထုတ်နိုင်ခဲ့သည့်အတွက် လိုအပ်နေသည့် ချေပဂိုးနှင့် ဝေးကွာခဲ့ရပြီး ဂိုးပြတ်ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရခြင်း ဖြစ်သည်။

အာဆင်နယ်အသင်းသည် ယခုအနိုင်ပွဲကြောင့် ပြိုင်ပွဲစုံ နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲရရှိခဲ့သည်။ ထို့အပြင် ပရီမီယာလိဂ်ပွဲစဉ် (၁၀) အပြီးတွင်လည်း ရမှတ် ၁၇ မှတ် အထိရှိလာပြီဖြစ်သည်။ ပြိုင်ဘက် လက်စတာအသင်းက ယခုပွဲရှုံးနိမ့်မှုကြောင့် ပွဲစဉ် (၁၀) အပြီး ၁၄ မှတ်သာ ရရှိထားသည်။

လာမည့် ပွဲစဉ်အဖြစ် လက်စတာအသင်းသည် ယူရိုပါ လိဂ်ပြိုင်ပွဲတွင် စပါးတပ်အသင်း နှင့် နိုဝင်ဘာ ၅ ရက်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အာဆင်နယ်အသင်းက နိုဝင်ဘာ ၇ ရက်တွင် ဝက်ဖို့ဒ်အသင်းနှင့် ပရီမီယာလိဂ် ပွဲစဉ် (၁၁) ကို ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အခြားပွဲစဉ်များတွင် ဘန်လေက ဘရန့်ဖို့ဒ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရကာ လီဗာပူးနှင့် ဘရိုက်တန်တို့ နှစ်ဂိုးစီ သရေဖြစ်ပြီး မန်စီးတီးက ပဲလေ့စ်ကို နှစ်ဂိုး-ဂိုး မရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ ဝက်ဖို့ဒ်က ဆောက်သမ်တန်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်သည်။

နယူးကာဆယ်နှင့် ချယ်လ်ဆီးတို့ပွဲတွင် ချယ်လ်ဆီးက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည်။ ပထမပိုင်းတွင် ဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၆၅ မိနစ်နှင့် ၇၇ မိနစ်တို့တွင် ဂျိမ်းက နှစ်ဂိုးသွင်းယူပေးသည်။ ၈၁မိနစ်တွင် ချယ်လ်ဆီးတို့ ပယ်နယ်တီကန်ခွင့်ရရှိပြီး ဂျော်ဂျင်ဟိုက သွင်းယူပေး၍ ပွဲအပြီးတွင် ချယ်လ်ဆီးတို့ သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ပွဲစဉ်(၁၀)အပြီးတွင် ချယ်လ်ဆီးတို့ ရမှတ် ၂၅ မှတ်ဖြင့် ဇယားထိပ်၌ ရပ်တည်နေသည်။ လီဗာပူးက ၂၂ မှတ်ဖြင့် ဒုတိယ၊ မန်စီးတီးက ရမှတ် ၂၀ဖြင့် တတိယနေရာ၌ ရပ်တည်နေသည်။

**အောင်ဇော်**

# တောင်ငူခရိုင် စစ်တောင်းမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**နေပြည်တော် အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်အတွင်း စဉ်ဆက်မပြတ် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒေသခံပြည်သူများ ငါးရိက္ခာဖူလုံစေရန်၊ လူမှုစီးပွားဘဝမြင့်မားလာစေရန် ရည်ရွယ်၍ ထန်းတပင်မြို့နယ် စစ်တောင်းမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့နံနက်က ပြုလုပ်သည်။

အခမ်းအနားသို့ တောင်ငူခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမြင့်ဦး၊ ထန်းတပင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမြင့်နှင့် ငါးမျိုးစိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲရေးကော်မတီအဖွဲ့များ တက်ရောက်ကြပြီး ပဲခူးတိုင်းဒေသကြီးငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းနှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ နှစ်သိန်းကို စစ်တောင်းမြစ်သဘာဝ ရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **သတင်းစဉ်**







Myanmar Digital News နဲ့ နေ့စဉ်သတင်းတွေ ရယူဖတ်ရှုလိုက်ပါ....




- အွန်လိုင်းကနေ အမြို့မြို့အနယ်နယ်က သတင်းတွေကို မှန်မှန်နဲ့ မြန်မြန် ဖတ်ရှုချင်သလား။ မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို Online ပေါ်မှာပဲ ဖတ်ချင်သလား၊ Download ဆွဲပြီး Offline နဲ့ပဲ ဖတ်ချင်သလား။
- Myanmar Digital News အမည်နဲ့ Mobile Application ကို Android, IOS တို့နဲ့လည်း အလွယ်တကူ ရယူဖတ်ရှုနိုင်ပါပြီ။
- အင်္ဂလိပ်ဘာသာနဲ့ ဖတ်ရှုချင်သူတွေအတွက်လည်း English Version နဲ့ ဖတ်ရှုနိုင်ပါပြီ။
- လွယ်ကူမြန်ဆန်စွာ ဖတ်ရှုချင်သူတွေအတွက် Myanmar Digital News မှာ အခုပဲ ဝင်ရောက်ဖတ်ရှုလိုက်ပါ။
- မြန်မာ့အလင်း၊ ကြေးမုံနဲ့ The Global New Light of Myanmar သတင်းစာတွေကို ရက်စွဲအလိုက် ရှာဖွေဖတ်ရှုနိုင်ပါပြီ။

# လပွတ္တာခရိုင်တွင် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် နည်းပညာပေးသင်တန်းဖွင့်

**နေပြည်တော် အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး၏ ညွှန်ကြားမှုဖြင့် လပွတ္တာခရိုင် ငါးလုပ်ငန်း ဦးစီးမှူးရုံးတွင် ကောင်းမွန်သော ရေသတ္တဝါ မွေးမြူရေးကျင့်စဉ် (GAqP) နည်းပညာပေး သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၇ ရက်က ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိဖြစ်ပြီး သင်တန်းတွင် တလုပ်လှ ငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်အေးအေးမင်း၊ လက်ထောက်ဦးစီးမှူး ဒေါ်ရတနာကြူ၊ မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းအောင်တို့က GAqP နှင့် ပတ်သက်၍ စာတွေ့၊ လက်တွေ့ဖြင့် အသိပညာ ပေးသင်ကြားပြီး သင်တန်းတွင် ခရိုင်နှင့် မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌများနှင့် သင်တန်းသား သင်တန်းသူ ၂၅ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေရိယာ ဝ ဒသမ ဝ၅၅ ဧက ၊ မြေကွက်အမှတ်(ပ-၄၅၁၃) ၊ ဦးညွန့်သိန်း (ဘ) ဦးလှငွေ ၉/ပမန (နိုင်)၂၁၁၂၁ဝ အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်ချိုချိုခိုင် (ဘ) ဦးကျော်သိန်း ၈/ခမန (နိုင်)၁၃၃၉၇၉ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီ များအထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ချောင်းဦးမြို့နယ် အမြင့်မြို့ဟောင်းတွင် မီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်

**ချောင်းဦး အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် အမြင့်မြို့ဟောင်း မြို့ကုန်းရပ်တွင် အောက်တိုဘာ ၃၀ ရက် နံနက်အစောပိုင်းက မီးလောင်မှု ဖြစ်ပွားသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၃ နာရီက ချောင်းဦးမြို့နယ် အမြင့်ကျေးရွာတွင် မီးလောင်နေကြောင်း သတင်းအရ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးဝင်းအောင်နှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်မတော်သားများ၊ မြို့နယ်မီးသတ်နှင့် သန္ဓေမီးသတ် တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နံနက် ၄ နာရီခွဲတွင် မီးလောင်နေသည့် နေရာသို့ ရောက်ရှိပြီး အမြင့်ရဲကင်း စခန်းမှူး ဒုရဲအုပ် မြတ်ဘုန်းကိုကိုနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရွာသူ/ရွာသားများနှင့်အတူ မီးငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီတွင် မီးထိန်းနိုင်ခဲ့ပြီး နံနက် ၅ နာရီ မိနစ် ၂၀ တွင် လုံးဝမီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် မြေစိုက်တဲ နှစ်လုံးနှင့် ဂိုဒေါင်တစ်လုံး ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ မီးလောင်မှုကို စုံစမ်းစစ်ဆေးရာ ဦးဌေးလွင် နေအိမ်၌ ဝါးမျောများထားသည့် ဂိုဒေါင်အတွင်း မီးကြွင်းမီးကျန်မှ စတင်လောင်ကျွမ်းခဲ့ကြောင်း သိရှိရသဖြင့် ဦးဌေးလွင်အား ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(မြို့နယ်ပြန်ဆက်)**

# မြစ်ကြီးနား၊ ကော့သောင်း၊ မိုင်းရယ်နှင့် ပုသိမ်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၉ ရက် ညနေ ၃ နာရီ ၄၅ မိနစ်တွင် မြစ်ကြီးနားမြို့နယ် မလိခကျေးရွာအုပ်စု နန်းခမ်းကျေးရွာရှိ (၂၁)မိုင် ပူးပေါင်းစစ်ဆေးရေးစခန်း အနီးတွင် စိန်လင်း(ခ)စိန်စိန် မောင်းနှင်ပြီး မန္တယ်လင်းအောင်(ခ) ဝိုင်းချစ် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိန်လင်း(ခ)စိန်စိန် ကိုင်ဆောင်ထားသည့် ပလတ်စတစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိသည်။

ယင်းနေ့ နံနက် ၈ နာရီခွဲတွင် ကော့သောင်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကော့သောင်းမြို့ အေးရိပ်ငြိမ်ရပ်ကွက် ဦးအောင်ဇေယျ(၃)လမ်းရှိ (ဖ)ခန်းတွဲ တန်းလျား၊ အခန်းအမှတ်(ဖ)နေ အောင်ဇော် (ခ) စန်းဒါလင်း၏ အခန်းသို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၃၀၂ ပြားကို လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်နေ မနိုင်းလိတ်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်မြို့နယ် သစ်ပုတ်ကုန်းကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာ အနီးရှိပုသိမ်-ငွေဆောင်သွားကားလမ်းတွင် ဇော်မျိုးလွင်(ခ)ကောက်ညှင်း ထုပ် မောင်းနှင်ပြီး ကျော်သူဝင်း(ခ) ဝကြီး လိုက်ပါလာသည့် ဆိုင်ကယ်နှင့် သန်းထိုက်အောင်(ခ)ဂျာလေး (ခ)မဲကြီး မောင်းနှင်ပြီး စိုးမင်းထွေး(ခ)အငယ်ကောင် လိုက်ပါလာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ ကျော်သူဝင်း (ခ) ဝကြီး ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၁၁ ပြားကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။



မနိုင်းလိတ်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**ရဲပြန်ကြား**

**ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်**

နေပြည်တော် အောက်တိုဘာ ၃၀ - စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၄ ခန်း | ၁၉၆ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၄ ခန်း | ၄၄၁ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၂ တိုင် | ၃၈ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၂၉ တိုင် | ၁၅၁ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၅၁ ခု | ၆၀၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား တစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၆ ကျင်း | ၂၁၁၃. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၀ ကျင်း | ၂၀၈. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၉ ကျင်း | ၅၉၀၁. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၃၅ ကျင်း | ၁၇၀၁. ၀၈ ကျင်း |
| ၁၄။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၂၆ တိုင် | ၆၄ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၅။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၆။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၇။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

၃၀ - ၁၀ -၂၀၂၁ရက်နေ့ ည ၈ နာရီ ထုတ်ပြန်ချက်အရ

ကိုဗစ် – ၁၉ ရောဂါ ပိုးတွေ့ရှိမှု ရာခိုင်နှုန်း **၃.၈၂ %**

**ယနေ့ သ တင်း အ ညွှန်း**

**အောက်တိုဘာ ၃၀ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၁၆ ဦး တွေ့ရှိ**

စာမျက်နှာ – ၁၅

**နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ကျဆင်းနေသော်လည်း ကိုဗစ်-၁၉ တတိယအကျော့ရဲ့ ခြိမ်းခြောက်မှု ကြီးစိုးလျက်ရှိနေသေးတဲ့ အိန္ဒိယ**

စာမျက်နှာ – ၁၄

**ဖိုက်ဇာကိုဗစ်-၁၉ ကာကွယ်ဆေးကို အသက်ငါးနှစ်မှ ၁၁ နှစ် အရွယ်ကလေးများ ထိုးခွင့်ပြုရန် အက်ဖ်ဒီအေ ခွင့်ပြု**

စာမျက်နှာ – ၁၃

## ကာရာဘောင်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ထုတ်ပြန် လီဗာပူးနှင့် လက်စတာ၊ ဘရန့်ဖို့ဒ်နှင့် ချယ်ဆီးတို့ တွေ့ဆုံ

ယနေ့တွင် ကာရာဘောင်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို မဲခွဲထုတ်ပြန်လိုက်ပြီဖြစ်ရာ ချန်ပီယံရှစ်ကြိမ် ဖြစ်ဖူးသည့် နာမည်ကြီး လီဗာပူးအသင်းက နည်းပြ ရော်ဂျာ၏ လက်စတာအသင်းနှင့် တွေ့ဆုံနေသည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ○

## အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတွင် မြန်မာအသင်း တရုတ်(တိုင်ပေ)ကို အနိုင်ရ

**ရန်ကုန် အောက်တိုဘာ ၃၀**

၂၀၂၂ အာရှဖလား ယူ–၂၃ ခြေစစ်ပွဲ အုပ်စု (I) ဒုတိယနေ့ကို ယနေ့ ညနေပိုင်းက ကာဂျစ္စတန်နိုင်ငံ ဘစ်ရှ်ကက်မြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက တရုတ်(တိုင်ပေ)အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ခြေစစ်ပွဲအောင်မြင်ရေး ကြိုးပမ်းနေသည့် မြန်မာ ယူ–၂၃ အသင်းသည် အဖွင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ခဲ့ပြီး ဒုတိယပိုင်းသွင်းဂိုးဖြင့် နိုင်ပွဲရယူနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာအသင်းသည် ခြေစစ်ပွဲအောင်မြင်ရေးအတွက် ဗီယက်နမ်နှင့် နောက်ဆုံးပွဲမှာ အဆုံးအဖြတ်ဖြစ်လာမည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ✪





ထန်တလန်မြို့ အမှတ်(၁)ရပ်ကွက်ရှိ နေအိမ်အဆောက်အဦများ မီးလောင်ပျက်စီးမှုကို တွေ့ရစဉ်။

## ထန်တလန်မြို့ အမှတ်(၁)ရပ်ကွက် ဘောလုံးကွင်းအနီးရှိ နေအိမ်များနှင့် ဘာသာရေး အဆောက်အဦများအား PDF အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၃၀**

အကြမ်းဖက်အဖွဲ့အစည်းများဖြစ်သည့် CRPH၊ NUG နှင့် PDF အကြမ်းဖက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် အချို့ဒေသများတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ၊ လမ်း၊ တံတားဖောက်ခွဲဖျက်ဆီးမှုများအပြင် အများပြည်သူနေထိုင်လျက်ရှိသော နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုကဲ့သို့ လုပ်ဆောင်လျက်ရှိရာ ချင်းပြည်နယ်အတွင်းရှိ ဟားခါးနှင့် ထန်တလန်မြို့အား ဆက်သွယ်ဖောက်လုပ်ထားသည့် သီးမြစ်ချောင်းတံတားအား အောက်တိုဘာ ၂၁ ရက်တွင် ဖောက်ခွဲဖျက်ဆီး၍ ဒေသအတွင်း လမ်းပန်းဆက်သွယ်မှုနှင့် လူမှုစီးပွားဘဝ ပျက်ပြားစေရန် လုပ်ဆောင်ခဲ့သည်။

ထို့ပြင် ချင်းပြည်နယ် ထန်တလန်မြို့အတွင်း လုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အောက်တိုဘာ ၂၉ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် အမှတ်(၁)ရပ်ကွက်ရှိ လမ်းဆုံအနီး၌

*စာမျက်နှာ ၁၂ ကော်လံ ၄* ❖